# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်၊ တနင်္လာနေ့။ Monday, 2 March 2026 ၁၂၁၀၉


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် တောင်သူဦးကြီးများက အားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်
သဝဏ်လွှာ
( ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက် )

ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်သော ၂၀၂၆ ခုနှစ်၊ မတ်လ(၂)ရက်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်းရှိတောင်သူလယ်သမားကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## စစ်ကိုင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၁

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ တည်ထားပူဇော်သော ရှေးဟောင်းသမိုင်းဝင် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွဋ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✣

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

**ယနေ့ ဖတ်စရာ**

**ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ်များချီးမြှင့်အပ်နှင်း**

စာမျက်နှာ » ၅

**Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) ကျင်းပ**



စာမျက်နှာ » ၈

**မြန်မာနိုင်ငံ(မူဆယ်)-တရုတ်နိုင်ငံ(ရွှေလီ) နယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲ ကျင်းပ**

စာမျက်နှာ » ၉

**မီးဘေးအန္တရာယ်ကို အသိ၊ သတိဖြင့် ကြိုတင်ကာကွယ်ကြပါ**

ဆောင်းပါး

စာမျက်နှာ » ၁၀

**ဟိန္ဒူဘာသာဝင်များ၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ဟိုလီပွဲတော်ကျင်းပ**

စာမျက်နှာ » ၁၉

**(၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

ကြေးမုံ

# ဗုဒ္ဓမြတ်စွာဘုရားရှင်ပြည်တော်ဝင် တပေါင်းလပြည့်အခါတော်နေ့

ကာဠုဒါယီမထေရ်မြတ်က ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ကပိလဝတ်ရွှေမြို့တော်သို့ ကြွတော်မူရန် လျှောက်ထားသည့်နေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့ဖြစ်သည်။ ပညာဝီမံသနကထာကျမ်းတွင် မန်လည်ဆရာတော်ဘုရားကြီးက မြတ်ဗုဒ္ဓသည် တပေါင်းလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်မှ စတင်ထွက်ခွာ၍ ကပိလဝတ်ရွှေမြို့တော်သို့ ကဆုန်လပြည့်နေ့တွင် ဆိုက်ရောက်သည်ဟု ဆိုထားပါသည်။ ကွဲလွဲမှုရှိသော်လည်း တပေါင်းလပြည့်နေ့သည် မြတ်ဗုဒ္ဓ ပြည်တော်ဝင်ရန်အတွက် အစဦးနေ့ထူးနေ့မြတ်ဟု ဆိုနိုင်သည်။

မြတ်ဗုဒ္ဓဘုရားရှင်ကို ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့က မျှော်လင့်နေကြသောအချိန်အခါဖြစ်သည်။ တပေါင်းလသည် မပူလွန်း မအေးလွန်းမျှတသောရာသီဥတုရှိသည့် ကာလဖြစ်သည်။ ဥဒေါင်းငှက်အပေါင်းတို့ ပျော်မြူးတွန်ကျူးသံ၊ တောပန်းတောင်ပန်းတို့ ဖူးပွင့်ဝေဆာရောင်စုံဖြာနေသော သဘာဝအလှတရားများနှင့်ပြည့်စုံသည့် တပေါင်းလသည် ဒေသစာရီကြွချီတော်မူရန် သင့်လျော်ပါကြောင်းဆိုသည်ကို ဂါထာပေါင်း ၆၄ ဂါထာဖြင့် ချီးမွမ်းလျှောက်ထားခဲ့ပါသည်။ ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်ကို မြတ်စွာဘုရားရှင် လက်ခံတော်မူပြီး တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရဟန္တာနှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်မြို့မှ စတင်ထွက်ခွာခဲ့ပါသည်။

ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်ပြည်သည် ယူဇနာ ၆၀ ကွာဝေးသည်။ မြတ်စွာဘုရားသည် တစ်နေ့လျှင် တစ်ယူဇနာခရီး ကြွတော်မူခဲ့ရာ ရက်ပေါင်း ၆၀ ပြည့်သည့် မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်ကျော် တစ်ရက်နေ့တွင် ကပိလဝတ်ရွှေမြို့တော်သို့ ဆိုက်ရောက်တော်မူသည်။ ကပိလဝတ်ရွှေမြို့တော်တွင် မြတ်ဗုဒ္ဓနှင့် ရဟန္တာနှစ်သောင်း ကြွရောက်သီတင်းသုံးတော်မူသဖြင့် သာသနာဝင်သမိုင်းတွင် ကပိလဝတ်ပြည်သည် တတိယမြောက် သာသနာတော်ထွန်းကားရာဒေသဖြစ်လာသည်။ ပထမဆုံး သာသနာတော်ထွန်းကားစည်ပင်ရာဒေသသည် ဗာရာဏသီပြည်ဖြစ်ပြီး ဒုတိယမြောက် သာသနာတော်ထွန်းကားစည်ပင်ရာဒေသသည် ရာဇဂြိုဟ်ပြည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာဒေသများသည် သာသနာထွန်းကားစည်ပင်ရာဒေသများဖြစ်သည်။

ရာဇဂြိုဟ်ပြည်တွင် ဝေဠုဝန်ကျောင်းတော်ကြီး ပေါ်ထွန်းသကဲ့သို့ ကပိလဝတ်ပြည်တွင်လည်း နိဂြောဓာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာသဖြင့် ရဟန်းတော်များ စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးတော်မူနိုင်သလို ပြည်သူပြည်သားများအတွက်လည်း ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုအစုစုတို့ကို စိတ်ဆန္ဒရှိတိုင်း ဆောင်ရွက်ခွင့်ရလာသည်။ မြတ်စွာဘုရားရှင်သည် သာကီဝင်မင်းမျိုးမင်းနွယ်တို့၏ ဇာတိမာန်ကို နှုတ်ပယ်နိုင်ရန် ပေါက္ခရဝဿမိုးကို ရွာသွန်း၍ တန်ခိုးပြတော်မူသည်။ အမျိုးအနွယ်ထက် သီလ၊ သမာဓိ၊ ပညာ အကျင့်မြတ်ကို တန်ဖိုးထားရန်၊ အကျင့်မြတ်နှင့်ပြည့်စုံသော ရဟန်းသံဃာတော်တို့ကို ရိုသေလေးစားရန် ဆုံးမတော်မူခဲ့သည်။ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားတော်မူသည်။

မဟာဓမ္မပါလဇာတ်တော်ကို ဟောကြားတော်မူသည့်အခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်ဖြစ်လာသည်။ မိထွေးတော်ဂေါတမီ သောတာပန်ဖြစ်လာသည်။ ယသောဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောကြားတော်မူခဲ့သည်။ ဇနပဒကလျာဏီ၏ ကြင်ရာလောင်း နန္ဒမင်းသား ရဟန်းဖြစ်လာသည်။ သားတော် ရာဟုလာကို ဓမ္မအမွေခံယူနိုင်ရန် ရှင်သာမဏေပြုစေခဲ့သည်။ သာကီဝင်မင်းသားတစ်ထောင် ရဟန်းဖြစ်လာခဲ့သည်။ အရှင်သာရိပုတ္တရာ လျှောက်ထားသဖြင့် မဟာဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော်မူသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ကပိလဝတ်ပြည်သူ ပြည်သားတို့၏ မြတ်စွာဘုရားရှင်ကို ဖူးမြော်လိုသောဆန္ဒ ပြည့်ဝအောင်ဆောင်ရွက်ပေးခြင်း၊ ဆွေတော်မျိုးတော်တို့နေရာ ကပိလဝတ်ပြည်တွင် သာသနာတော် ပွင့်ထွန်းစေရန် စွမ်းဆောင်နိုင်ခြင်းတို့ကြောင့် ကာဠုဒါယီမထေရ်မြတ်ကို မြတ်စွာဘုရားက "ကုလပ္ပသာဒတေဒဂ်"ဘွဲ့ ချီးမြှင့်တော်မူခဲ့သည်။

သို့ဖြစ်ရာ တပေါင်းလပြည့်နေ့နှင့် မြတ်ဗုဒ္ဓပြည်တော်ဝင် ဇာတ်တော်ကို အကြောင်းပြု၍ မြန်မာလူမျိုးတို့အား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စင်ကြယ်ကြံ့ခိုင်ပြီး အဆင့်အတန်းမြင့်၍ ပွဲလယ်တင့်စေရန်၊ လောကီ၊ လောကုတ် နှစ်ဌာနစလုံး၌ ကောင်းကျိုးဖြစ်ထွန်းစေရန် ညွှန်ပြပေးသည့် အဆိုပါဘဝလမ်းပြ မြတ်ဓမ္မသည် မြန်မာတို့၏နှလုံးသားတွင်စီးဝင်ကာ ကောင်းကျိုးအဖြာဖြာ ဖြစ်ထွန်းစေရန်အတွက် ရည်ညွှန်းပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၆၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၈-၂-၂၀၂၆)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၈-၂-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၂-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## စားအုန်းဆီဈေးကွက်ဈေးနှုန်း အလားအလာ

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစ၍ စားအုန်းဆီထုတ်လုပ်သော နိုင်ငံများတွင် ထုတ်လုပ်မှုလျော့ကျခြင်း၊ တရုတ်နှစ်သစ်ကူးပွဲတော်နှင့် ရမဿွာန် (Ramadan) ကာလများအတွက် ကြိုတင်ဝယ်ယူစုဆောင်းမှုများလာခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်း အနည်းငယ်မြင့်တက်လာခဲ့ပါသည်။

သတင်းအရင်းအမြစ်များနှင့် Reuters Software ပါ ဈေးကွက်သတင်းများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှုလျော့ကျသည့်ကာလဖြစ်ခြင်း၊ လက်ရှိကာလတွင် မလေးရှားရင်းဂစ်ငွေတန်ဖိုးမြင့်တက်လာခြင်း၊ အင်ဒိုနီးရှားအစိုးရက စားအုန်းဆီ ပို့ကုန်ခွန် (Levy) ကို လက်ရှိ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်ပြီး ၂၀၂၆ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ကောက်ခံရန် အတည်ပြုထားပြီးဖြစ်ခြင်း၊ ကမ္ဘာ့စားအုန်းဆီ လက်ကျန်အချိုးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ၂၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၁၉ ရာခိုင်နှုန်းသို့ ကျဆင်းလာခြင်း၊ မတ်လကုန်ပိုင်းတွင် ကျင်းပမည့် အီးဒ်ပွဲတော် (Eid al-Fitr) ကာလအတွက် ဝယ်လိုအားများခြင်းတို့ကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စားအုန်းဆီ FOB တစ်တန်ဈေးနှုန်း (ထုတ်လုပ်သည့်နိုင်ငံများ၏ ဈေးနှုန်း) သည် အမေရိကန်ဒေါ်လာ ၁၀၄၇၊ ဖေဖော်ဝါရီလတွင် ၁၀၇၈ သို့ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ **NNT(DOCA)**

## ၁ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

> ❖ **တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ပြည်တွင်း၌ စားရေရိက္ခာ ဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေးတို့အတွက် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးကိုလည်း နိုင်ငံတော်က အလေးထားကြိုးပမ်းလျက်ရှိ**
>
> ❖ **စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ အလွယ်တကူ လက်လှမ်းမီ စိုက်ပျိုးနိုင်စေရေး၊ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ မျိုးစေ့ထုတ် သမဝါယမ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ**
>
> ❖ **ဒေသအသီးသီးရှိ သီးနှံမျိုးများအလိုက် လိုအပ်သောမျိုးစေ့များကို ရရှိနိုင်စေရန် ဌာနဆိုင်ရာ မျိုးစေ့ထုတ်ခြံများမှ မျိုးစေ့ထုတ်လုပ်ငန်းနှင့် မျိုးသန့်မျိုးစေ့ပွားများ လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများ လေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိ**

☆ ရှေ့ဖုံးမှ

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် တောင်သူဦးကြီးများက အားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် "မျိုး၊ မြေ၊ ရေ၊ နည်း" ဆိုသော အဓိကလိုအပ်ချက်(၄)ချက်တို့ကို ပြည့်စုံကောင်းမွန်ရေး နိုင်ငံတော်ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများသည် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ ပူးတွဲလုပ်ဆောင်ကြပြီး နိုင်ငံအတွက် စားရေရိက္ခာ ထုတ်လုပ်ပေးနေသူများ ဖြစ်ကြပါသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင်လည်း **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်၍ အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ပြည်တွင်း၌ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေးတို့အတွက် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးကိုလည်း နိုင်ငံတော်က အလေးထားကြိုးပမ်းလျက်ရှိပါသည်။ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ အလွယ်တကူ လက်လှမ်းမီ စိုက်ပျိုးနိုင်စေရေး၊ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ မျိုးစေ့ထုတ် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသအသီးသီးရှိ သီးနှံမျိုးများအလိုက် လိုအပ်သောမျိုးစေ့များကို ရရှိနိုင်စေရန် ဌာနဆိုင်ရာ မျိုးစေ့ထုတ်ခြံများမှ မျိုးစေ့ထုတ်လုပ်ငန်းနှင့် မျိုးသန့်မျိုးစေ့ပွားများလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများ လေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို တွဲဖက်၍ အချိန်ကိုက်အချိုးကျသုံးစွဲစေခြင်း၊ သစ်စိမ်းမြေဩဇာအတွက် ပိုက်ဆံလျှော်နှင့် ပဲမျိုးရင်းဝင်အပင်များကို စိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်း၊ မြေဆွေးပုံပြုလုပ်သုံးစွဲခြင်းများကို ပညာပေးဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဓာတ်မြေဩဇာများ စိုက်ပျိုးရာသီအမီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သီးနှံများ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများအပြင် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကိုပါ နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ အနာဂတ် ရေရှားပါးလာနိုင်မှု အခက်အခဲအား ဖြေရှင်းနိုင်ရန် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါးများနှင့်ရေသောက်စနစ်များကိုတည်ဆောက်ပေးလျက်ရှိပါသည်။ ရာဂီမုန်တိုင်း တိုက်ခတ်ခြင်းနှင့် မန္တလေးလျောင်ကြီးစသည့် သဘာဝဘေးဒဏ်များကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆည်၊ တမံ၊ ရေသောက်စနစ်များ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို တောင်သူဦးကြီးများ၏ လိုအပ်ချက်နှင့်အညီ ဦးစားပေးပြုပြင်မှုများ လုပ်ဆောင်ပေးခဲ့ပါသည်။

ဆည်ရေသောက်ဧရိယာပြင်ပရှိ စိုက်ပျိုးရေခက်ခဲသည့်ဒေသများတွင် မြေအောက်ရေကို စက်ရေတွင်းများ တူးဖော်ခြင်း၊ ချောင်းပိတ် မြောင်းပိတ်စနစ်ဖြင့် ရေပေးဝေခြင်းစသည့် ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် ရေသွင်းစိုက်ဧရိယာ စိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ယခင်တူးဖော်ပြီး စက်ရေတွင်းများတွင် ဆိုလာစနစ် ပြောင်းလဲတပ်ဆင်ခြင်း၊ မြစ်၊ ချောင်း၊ ကန်၊ မြောင်းများမှ ဆိုလာစနစ်ဖြင့် ရေတင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများတွင် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နည်းပညာပေး ဆောင်ရွက်မှုအနေဖြင့် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာများ၊ ရေလိုအပ်ချက်နည်းသော သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများ၊ ရေငတ်ဒဏ်၊ မိုးခေါင်ဒဏ်၊ ဆားငန်ဒဏ် ခံနိုင်ရည်ရှိသောမျိုးများ ရွေးချယ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများ၊ ရေအလေအလွင့် နည်းပါးစေသည့် စနစ်တကျရေသွင်းနည်းစနစ်ဆိုင်ရာ နည်းပညာများ၊ မြေဆီလွှာ၊ မျိုးစေ့၊ ပိုးမွှားရောဂါ (မြေ၊ မျိုး၊ ပိုး) ဆိုင်ရာ နည်းပညာတို့ကို ပညာပေးခြင်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

သီးနှံစိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြေပြုပြင်ချိန်မှသည် ရိတ်သိမ်းချိန်အထိ လိုက်နာရမည့် လုပ်ငန်းစဉ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများအား ပညာပေးခြင်း၊ နည်းပညာပေး ဆွေးနွေးပွဲများ၊ စံပြကွက်များ၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးမှ တာဝန်ရှိသူများအနေဖြင့် တောင်သူများနှင့်တွေ့ဆုံ၍ နည်းပညာပေးလုပ်ငန်းများ ဆွေးနွေးခြင်း၊ ကြုံတွေ့ရသည့် အခက်အခဲများအား ကူညီဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ယခင်က ရိုးရာနည်းစနစ်များအပေါ်တွင်သာ အဓိကအခြေခံခဲ့သော်လည်း ယခုအခါ Artificial Intelligence (AI) နှင့် Digital Technology များကြောင့် အနာဂတ်တွင် ခေတ်မီစိုက်ပျိုးရေးစနစ် (Smart Farming)သို့ အသွင်ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ တောင်သူဦးကြီးများအနေဖြင့် မျိုးစေ့ချချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် AI အခြေပြု Application များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ပါက စမတ်ဖုန်းဖြင့် သီးနှံအရွက်ကို ဓာတ်ပုံရိုက်ရုံမျှဖြင့် ကျရောက်နေသော ပိုးမွှားရောဂါများကို စက္ကန့်ပိုင်းအတွင်း တိကျစွာဖော်ထုတ်၍ ထိန်းချုပ်နိုင်ခြင်း၊ ဒေသအလိုက် မိုးလေဝသခန့်မှန်းချက်များအပေါ် အခြေခံ၍ ရေသွင်းခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် တောင်သူများအကြား ဒစ်ဂျစ်တယ်အသိပညာ (Digital Literacy) မြင့်မားလာခြင်းနှင့်အတူ ပညာရှင်များနှင့် တိုက်ရိုက်ထိတွေ့ ဆွေးနွေးနိုင်ခြင်း၊ ရေဒီယိုနှင့် တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းတို့မှတစ်ဆင့် ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များရှိ QR Code များမှတစ်ဆင့် အလွယ်တကူကြည့်ရှုနိုင်ခြင်းတို့ကြောင့် အသိပညာပြန့်ပွားမှု ထိရောက်မြန်ဆန်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ AI နည်းပညာနှင့် ဒစ်ဂျစ်တယ်အသိပညာများ တိုးတက်မြင့်မားသုံးစွဲနိုင်ရန် နိုင်ငံတော်မှလည်း ကြိုးပမ်းအားထုတ်ပေးနေပါသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချရေးနှင့် ပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး ရည်မှန်းချက်ဖြင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို လက်ရှိစိုက်ပျိုးထုတ်လုပ်မှုထက် အရည်အသွေးနှင့် အထွက်နှုန်းပါ ပိုမိုကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်ပေးကြပါရန် အလေးထားတိုက်တွန်းမှာကြားလိုပါသည်။

လူတစ်ဦး တစ်နှစ်လိုအပ်သည့် ဝတ်ရေးဖူလုံစေရန်၊ ပိုလျှံသည်များ ပြည်ပသို့ တင်ပို့ရောင်းချရန်နှင့် သွင်းကုန်အစားထိုးရန် ရည်မှန်း၍ အရည်အသွေးအဆင့်အတန်းမီ ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း စိုက်ဧရိယာကေ ခြောက်သိန်းအထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကေ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေးနှင့် အရည်အသွေးကောင်း ဝါနှင့်ဝါဂွမ်းများ ထုတ်လုပ်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဝါစိုက်တောင်သူဦးကြီးများအနေဖြင့်လည်း တက်ကြွစွာပါဝင်ကြိုးစားကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံတော်မှလည်း အရည်အသွေးမြင့် ဝါမျိုးကောင်း မျိုးသစ်များ ထုတ်လုပ်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထွက်ရှိလာသောဝါနှင့် ဝါဂွမ်းများကို စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဝါကြိတ်စက်များ၊ ချည်မျှင်စက်ရုံများ၏ ပြည်တွင်းကုန်ကြမ်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး စီမံပေးထားပြီး ဖြစ်ပါသည်။

ဟင်းသီးဟင်းရွက်သီးနှံများတွင် အရည်အသွေးထိန်းသိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန် ခေတ်မီနည်းပညာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ Virtual နည်းဖြင့်လည်းကောင်း၊ In person နည်းဖြင့်လည်းကောင်း နည်းပညာဖြန့်ဝေပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလားတူ နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ ကြံ၊ ဝါးစသည့် သီးနှံများဖြင့် Agro-based Industry တည်ထောင်နိုင်ရေးအတွက် စက်မှုကုန်ကြမ်းထုတ်လုပ်မှု တိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

နိုင်ငံတော်၏ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးရန် အလယ်အလတ်အဆင့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ၁၅ ကျောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတော်သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ၂၀၂၆ ခုနှစ် နွေစပါးတို့တွင် အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းကို ၁၁၅၀၀၀၀ ကျပ် သတ်မှတ်ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါသည်။

**"နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်"** ဆိုသည့် မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်စေရန် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ထူထောင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍတို့ ဖွံ့ဖြိုးရေးအတွက်လည်း ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် အရည်အသွေးကောင်းမွန်သော ဆန်များ ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြင့်ရရှိစေရန်နှင့် စပါးစိုက်တောင်သူဦးကြီးများအတွက် အခွင့်အလမ်းကောင်းများ ရရှိစေရန် ရည်ရွယ်၍ Rice Export Zone (REZ) များ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**စာမျက်နှာ ၄ သို့** ☆

✰ စာမျက်နှာ ၃ မှ

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် လုပ်သားရှားပါးမှုကြောင့် မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပြုစုပျိုးထောင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း စသည့် အဆင့်တိုင်းတွင် စက်မှုလယ်ယာစနစ်ကို ကျင့်သုံးနိုင်ရေးနှင့် မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး စိုက်ပျိုးထုတ်လုပ်နိုင်ရေး စက်မှုလယ်ယာစနစ်ကျ လယ်မြေကွက်များ ဖော်ထုတ်ပေးခြင်းကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ တစ်ဖက်မှလည်း လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာစေရန်နှင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင် ထိန်းသိမ်းနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်၊ ပြင်ဆင်ထိန်းသိမ်းမှု သင်တန်းများကို စက်မှုလယ်ယာသင်တန်းကျောင်းများ၊ စက်ပြင်အလုပ်ရုံများနှင့် စက်မှုလယ်ယာစခန်းများတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိပါသည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ မျိုးမြှင့်၊ မျိုးပွား၊ မျိုးထိန်းသိမ်းပေးခြင်းအနေဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ၍ ထုတ်လုပ်မှုနှုန်းထားကောင်းသည့် မျိုးကောင်းမျိုးသန့်များပြန့်ပွားစေခြင်း၊ မွေးမြူရေးတောင်သူများအနေဖြင့် ဈေးကွက်နှင့်ကိုက်ညီသော မျိုးများ မွေးမြူထုတ်လုပ်နိုင်ရေး မေထုန်မဲ့ သားစပ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွား၊ သုတေသနခြံများ တည်ထောင်ပြီး တောင်သူများအား မျိုးဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်၍ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices-GAHP) နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေး ပညာပေးခြင်း၊ တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာသင်တန်းများ၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးရေးသင်တန်းများ ပို့ချပေးခြင်း၊ တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပညာပေးဟောပြောခြင်း စသည့်လုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် တိရစ္ဆာန်အစာထုတ်လုပ်ရန်အတွက် ပြည်တွင်း၌ အလွယ်တကူရနိုင်သည့်ကုန်ကြမ်းများအား ပြည်တွင်းရှိ အစာစပ်စက်ရုံများမှ သိပ္ပံနည်းကျ ခေတ်မီစက်ကိရိယာများဖြင့် တိရစ္ဆာန် အစာနှ၊ အစာတောင့်များ ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားဦးကြီးများ ခင်ဗျာ**

ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖမ်းဆီး၊ မွေးမြူ၊ ပြုပြင်ထုတ်လုပ်သူများနှင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးစေရန် နည်းပညာများပံ့ပိုးပေးခြင်း၊ အလုပ်အကိုင်၊ အခွင့်အလမ်းများဖန်တီးပေးခြင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ကျေးလက်ဒေသ ငါးကဏ္ဍဖွံ့ဖြိုးရေးကို မြစ်မ်းရောင်ကျေးရွာ(ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက် မတည်ရင်းနှီးငွေ ထောက်ပံ့ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများ ဖြန့်ဖြူးခြင်း၊ သဘာဝမြစ်ချောင်းများ၊ ဆည်တမံများတွင် ငါးမျိုးမသုန်းစေရန်နှင့် ငါးထွက်နှုန်း တိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့် ငါးမျိုးများ ငါးသားပေါက်များကို စဉ်ဆက်မပြတ်ထုတ်လုပ်၍ မျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူနည်းပညာများအား ငါးမွေးတောင်သူများကို လက်တွေ့သင်ကြားပြန့်ပွားပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အခြေခံကျကျအကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြသည့် တောင်သူလယ်သမား ဦးကြီးများ၏ လိုအပ်ချက်များနှင့် သိပ္ပံနည်းကျစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။ တောင်သူလယ်သမားဦးကြီးများကလည်း စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် လုပ်ငန်းများကို စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုလုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်ရေး အလေးအနက်ထားကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းမှာကြားလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ယာယီသမ္မတ၊**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်**
**အေးချမ်းသာယာရေး ကော်မရှင်**

✣ **စစ်ကိုင်းမြို့ ရှေးဟောင်းသမိုင်းဝင်မှ**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင် အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ်က အောင်မြေဗောဓိ ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး သစ်သီးပန်းမန်၊ ဆီမီးနှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သီတဂူဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွား ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများကို သီတဂူဆရာတော်ဘုရားကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းပူဇော်သည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးနှင့် ဇနီးတို့က ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို သီတဂူဆရာတော်ဘုရားကြီးနှင့် သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အကြီးအကဲများနှင့် ဧည့်ပရိသတ်များက ရတနာငှက်မြတ်နားတော်ရှိ ရတနာရွှေကြုတ်တော်အတွင်းသို့ ရတနာရွှေငွေ ကျောက်သံပတ္တမြားများကို ကြည်ညိုသဒ္ဓါပွားများစွာ ထည့်သွင်း လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်ပရိသတ်များသည် သီတဂူဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကော်မရှင် အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာမဏ္ဍပ်တော်ရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်ကြသည်။

ယင်းနောက် သီတဂူဥပါသကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်ကြပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ်၊ ကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ ရှေးဟောင်း သမိုင်းဝင် ရာဇမဏိစူဠာ ကောင်းမှုတော် စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူ ပူဇော်ပွဲအခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အခမ်းအနား အပြီးတွင် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ကြွရောက်ချီးမြှင့်တော်မူကြသည့် သီတဂူဆရာတော်ကြီး အမှူးပြုသည့် ဆရာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သန်လျင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၁

၂၀၂၆ ခုနှစ် မတ် ၈ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်စကားဝိုင်း ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က သန်လျင်မြို့ရှိ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်ကဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့နှင့်စပ်လျဉ်း၍ ခရိုင်လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်စိမ်းလဲ့ရည်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးသန္တာထွန်း၊ အတွင်းရေးမှူး ဒေါ်ယုဇနခိုင်၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဝင်းနှင့် ဦးစီးအရာရှိ ဒေါ်အေးအိအိအောင်တို့က အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ၊ အမျိုးသမီးများ၏အခွင့်အရေး၊ အမျိုးသမီးများ၏အကြမ်းဖက်ခံရမှု ပပျောက်ရေး၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



# ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၄၃ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

## ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ

### သရေစည်သူဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်လင်းဒွေး | အမှုဆောင်ချုပ် | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး |
| ၂။ | ဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်အမှုဆောင်ချုပ် | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး |
| ၃။ | ဦးတင်အောင်စန်း | ပြည်ထောင်စုဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) |
| ၄။ | ဦးမြထွန်းဦး | ပြည်ထောင်စုဝန်ကြီး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ချုပ်ကြီးမောင်မောင်အေး | ပြည်ထောင်စုဝန်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် | ပြည်ထောင်စုဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | ပြည်ထောင်စုဝန်ကြီး | နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၈။ | ဦးမောင်မောင်အုန်း | ပြည်ထောင်စုဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၉။ | ဦးမင်းနောင် | ပြည်ထောင်စုဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၀။ | Jeng Phang နော်တောင် | ပြည်ထောင်စုဝန်ကြီး | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| ၁၁။ | ဦးမျိုးသန့် | ပြည်ထောင်စုဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |

### စည်သူဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းစိုး | ဥက္ကဋ္ဌ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၂။ | ဦးကိုကိုလှိုင် | ပြည်ထောင်စုဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) |
| ၃။ | ဒေါက်တာသီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် | ဥပဒေရေးရာဝန်ကြီးဌာန |
| ၄။ | ဦးတင်ဦးလွင် | ပြည်ထောင်စုဝန်ကြီး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၅။ | ဦးလှမိုး | ပြည်ထောင်စုဝန်ကြီး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၆။ | ဦးခင်မောင်ရီ | ပြည်ထောင်စုဝန်ကြီး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၇။ | ဒေါက်တာချာလီသန်း | ပြည်ထောင်စုဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၈။ | ဦးမြင့်ကြိုင် | ပြည်ထောင်စုဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၉။ | ဒေါက်တာမျိုးသိန်းကျော် | ပြည်ထောင်စုဝန်ကြီး | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၁၀။ | ဒေါက်တာသက်ခိုင်ဝင်း | ပြည်ထောင်စုဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ

### သီရိပျံချီဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ကျော်ဟိုး | ပြည်ထောင်စုဝန်ကြီး | အလုပ်သမားဝန်ကြီးဌာန |
| ၂။ | ဦးချစ်ဆွေ | ပြည်ထောင်စုဝန်ကြီး | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၃။ | ဦးအောင်မိုးမြင့် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄။ | ဦးအောင်လွင်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅။ | ဦးအောင်စောဝင်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၆။ | ဦးမြင့်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇။ | ဦးခင်မောင်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈။ | ဦးမြင့်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉။ | ဦးကိုကိုလွင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀။ | ဦးသန်းအောင်ကျော် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁။ | ဦးခင်ဇော် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၂။ | ဦးမျိုးလှိုင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၃။ | ဦးသန်းထွတ်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၄။ | ဦးတင်ဆွေဝင်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၅။ | ဦးအောင်မြင့်လွင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၆။ | ဦးခင်မောင်ကြီး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၇။ | ဦးမျိုးမောင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၈။ | ဦးကြည်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် |
| ၁၉။ | ဒေါ်ခင်သင်းဝေ | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် |
| ၂၀။ | ဦးခင်မောင်ကျော် | အဖွဲ့ဝင် | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ |

### ဇေယျကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီး | ကျော်ကိုထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ချုပ် | ကြည်သိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ချုပ် | ကျော်လင်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ချုပ် | ကျော်စွာဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ချုပ် | ကျော်ကျော်ထူး | ကာကွယ်ရေးဝန်ကြီးဌာန |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ပြုံးပြုံးအေး | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၂။ | ဒေါက်တာကိုကိုနိုင် | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၃။ | ဒေါ်စိုးခက်ခက် | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၄။ | ဒေါ်သင်းသင်းချို | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၅။ | ဦးကျော်ထင် | ဒုတိယဝန်ကြီး | နိုင်ငံတော်ဝန်ကြီးချုပ်ရုံးနှင့် အမျိုးသား စီမံကိန်းဝန်ကြီးဌာန |
| ၆။ | ဒေါက်တာတင်ထွဋ် | ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၇။ | ဦးဗိုလ်ဗိုလ်ကျော် | ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၈။ | ဦးမင်းမင်း | ဒုတိယဝန်ကြီး | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၉။ | ဦးမျိုးမြင့် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဦးမြင့်စိုး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၁၁။ | ဦးမြင့်ဦး | အမြဲတမ်းအတွင်းဝန် | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၂။ | ဦးအောင်ကျော်ဇံ | သံအမတ်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်မွေးမွေးခိုင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးညွန့်ဟန် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၅။ | ဒေါ်နုနုခင် | ပါမောက္ခ/ဌာနမှူး (သဘင်)(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၆။ | ကောလိပ်မြိုင် | | အငြိမ့်မင်းသမီးကြီး |

### အလင်္ကာကျော်စွာဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းမြတ်စိုး | | အဆိုပညာရှင် |
| ၂။ | ဦးကေတုဝင်းထွဋ် | | အဆိုပညာရှင် |
| ၃။ | ခန့်စည်သူ | | သရုပ်ဆောင် |

### သိပ္ပကျော်စွာဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာကေသီလွင် | ပါမောက္ခချုပ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၂။ | ဦးကျော်ကောင်းချို | ညွှန်ကြားရေးမှူးချုပ် | ဆောက်လုပ်ရေးဝန်ကြီးဌာန |

## တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်

### သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး အေးမျိုးထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး အံ့ကျော် | ကာကွယ်ရေးဝန်ကြီးဌာန |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ

### ရဲဗလတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဦးနေထွန်းသန်း | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ | ဦးဇော်မင်းနိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃။ | ဦးကျော်မြတ်သူ | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ | ဦးဝင်းမြတ်ထူး | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ | ဦးသန့်ဇင်အောင် | ယာဉ်မောင်း-၅ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆။ | ဦးမောင်စန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးဝင်းကို(ခ)ညီညီ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးသန်းလွင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးဝင်းဗိုလ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးကျော်စွာဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးသိန်းလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးငြိမ်းချမ်းအောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၃။ | ဦးအောင်မင်းခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄။ | ဦးအေးကိုကိုဟန် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၅။ | ဦးဖိုးချို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆။ | ဦးစိန်ယွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၇။ | ဦးဝင်းငြိမ်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈။ | ဦးအောင်စိုး | | တနင်္သာရီတိုင်းဒေသကြီး |
| ၁၉။ | ဦးနိုင်ဇော်မြင့်ဦး | | ပဲခူးတိုင်းဒေသကြီး |
| ၂၀။ | ဦးစိန်ဝင်းမြင့် | | ပဲခူးတိုင်းဒေသကြီး |
| ၂၁။ | ဦးစိုးလေး | | ပဲခူးတိုင်းဒေသကြီး |
| ၂၂။ | ဦးသိန်းနိုင် | | ပဲခူးတိုင်းဒေသကြီး |

စာမျက်နှာ ၆ သို့ »»

»» စာမျက်နှာ ၅ မှ

| | | | |
|---|---|---|---|
| ၂၃။ | ဦးဇာနည်ဝင်း | | ပဲခူးတိုင်းဒေသကြီး |
| ၂၄။ | ဦးခင်မော် | | မကွေးတိုင်းဒေသကြီး |
| ၂၅။ | ဦးဟန်ဇော်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၂၆။ | ဦးလင်းထင် | | မကွေးတိုင်းဒေသကြီး |
| ၂၇။ | ဦးသီဟဇော် | | မကွေးတိုင်းဒေသကြီး |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ**

**ရဲသူရိန်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူးကြီး | ဝင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဒုတိယရဲမှူးကြီး | ရဲဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲကျော်စွာတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ရဲမှူး | ခင်ဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ရဲမှူး | ဇော်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ရဲမှူး | စိုးလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲကျော်သူတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူး | လှမြင့်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်သွင်ဦး | အမြဲတမ်းအတွင်းဝန် | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၂။ | ဦးဝဏ္ဏဇော် | အမြဲတမ်းအတွင်းဝန် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃။ | ဦးအောင်သူရ | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၄။ | ဒေါက်တာ တင်တင်လေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ပါမောက္ခဒေါက်တာ တင့်ဆွေလတ် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါက်တာအောင်မွန် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ပါမောက္ခဒေါက်တာ သိန်းဆွေ | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ဦးဝင်းမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၉။ | ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း |

**စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ကျော်မိုး | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) |
| ၂။ | ဦးဇော်ဖြိုးဝင်း | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ | ဦးသိန်းတိုး | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၄။ | ဦးစိုးထွန်းနိုင် | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၅။ | ဒေါ်ခိုင်ရွှေဝါ | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၆။ | ပါမောက္ခ ဒေါက်တာမျိုးသွယ် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ပါမောက္ခ ဒေါက်တာ ဘမြင့် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ပါမောက္ခ ဒေါက်တာခင်မောင်မြင့် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ပါမောက္ခ ဒေါက်တာရဲလှိုင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ပါမောက္ခ ဒေါက်တာထင်ဇော်စိုး | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ | ဦးတင့်လွင် | အထွေထွေမန်နေဂျာ(မြို့ပြ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၂။ | ဦးကျော်သီဟ | အင်ဂျင်နီယာချုပ်(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဦးတင်မောင်ထွေး | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |

**စီမံထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နီထွန်း | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂။ | ပါမောက္ခဒေါက်တာသန်းချို | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ | ပါမောက္ခ ဒေါက်တာသန်းနုရွှေ | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ | ပါမောက္ခ ဒေါက်တာငွေးဆောင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ပါမောက္ခ ဒေါက်တာခင်မေအုန်း | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ပါမောက္ခ ဒေါက်တာစိုးနောင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ပါမောက္ခ ဒေါက်တာမြင့်နိုင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ပါမောက္ခ ဒေါက်တာမြမြသန်း | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ဦးသက်ခိုင်ဦး | လေယာဉ်မှူး | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၀။ | ဦးခင်ရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | စက်မှုဝန်ကြီးဌာန |
| ၁၁။ | ဒေါ်လှလှသီ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၁၂။ | ဦးမိုးဆွေ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၁၃။ | ဦးဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးညီညီနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်နန်းလောဝ်ဟွမ် | ဒုတိယညွှန်ကြားရေးမှူးချုပ် | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| ၁၆။ | ဒေါ်သန္တာဖြူအေး | ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၇။ | ဒေါ်မြတ်ဖြူပြာကြည် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၈။ | ဒေါ်ခင်စန္ဒာ | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၁၉။ | ဒေါ်ကြည်မိုးမိုးအေး | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၀။ | ဒေါ်ငြိမ်းငြိမ်းမြင့် | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၁။ | ဒေါ်ကလျာနေထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၂။ | ဒေါ်ခင်နွဲ့အောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၃။ | ဦးမျိုးဇော်တူး | ဒုတိယအထွေထွေမန်နေဂျာ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဦးဇော်မင်းဦး | ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဦးလွှမ်းမိုးဟန် | ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၆။ | ဦးဇင်မင်းကို | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၇။ | ဦးစောနိုင် | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၈။ | ဦးစိုးမောင် | ညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၂၉။ | ဦးဦးသွင် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၃၀။ | ဦးအောင်ဝင်းသိန်း | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၃၁။ | ဦးညီညီဇော် | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်ခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်နီလာထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်လေးရွှေဇင်ဦး | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်ဖြူဖြူဝင်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်ဝင်းစန္ဒာကြည် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်ဝင်းဝင်းနွယ် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၈။ | ဦးသူရိန်ထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၉။ | ဒေါက်တာသီရိမောင် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်စုစုထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၄၁။ | ဦးသန်းနိုင် | ညွှန်ကြားရေးမှူး | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၄၂။ | ဒေါ်သဉ္ဇာနိုင် | ညွှန်ကြားရေးမှူး | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မြဇင် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၄၄။ | ဒေါ်မြသက်မွန် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၄၅။ | ဦးသစ်ထူးမြင့် | အမှုဆောင်အရာရှိ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၆။ | ဒုတိယဗိုလ်မှူးကြီး ကောင်းပြည့်သျှန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဦးကိုကိုဦး | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄၈။ | ဦးကျော်စိုးနိုင် | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄၉။ | ဦးမင်းခိုင်ဝင်း | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၀။ | ဦးသိန်းစိုး | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၁။ | ဒေါ်ယဉ်ယဉ်ချို | ဒုတိယညွှန်ကြားရေးမှူး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၅၂။ | ဗိုလ်မှူးဇော်သက်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဦးအောင်မင်းဦး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၄။ | ဦးမျိုးမင်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၅။ | ဒေါ်စုစုလွင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၆။ | ဒေါ်ကျော့ကျော့ခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၇။ | ဦးအောင်ငွေစိုး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၈။ | ဦးသန်းအေး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၉။ | ဦးရဲမင်းသော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၆၀။ | ဦးစိုးမင်း | ဒုတိယလေယာဉ်မှူးကြီး | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၁။ | ဦးမောင်ချို | အင်ဂျင်နီယာမှူး (တံတားဘောင်) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၂။ | ဦးအောင်မြင့်သိန်း | အင်ဂျင်နီယာမှူး(မြို့ပြ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၃။ | ဦးအောင်ထွန်းတိုး | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၄။ | ဦးဇော်မျိုးအောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၅။ | ဦးသန်းထိုက်အောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၆။ | ဦးနိုင်ဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၇။ | ဦးဇော်လင်းကျော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၈။ | ဒေါ်ယုယု | လက်ထောက်ညွှန်ကြားရေးမှူး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၆၉။ | ဦးဇော်မင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |

**စာမျက်နှာ ၇ သို့ »»**

»»» စာမျက်နှာ ၆ မှ

| | | | |
|---|---|---|---|
| ၇၀။ | ဒေါ်တင်မိုးခိုင် | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၁။ | ဦးဝင်းကို | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၂။ | ဒေါ်ဆွေဇင်နု | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၇၃။ | ဗိုလ်ကြီး ပြည့်ဖြိုးအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၄။ | ဦးကျော်သက်ပိုင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၅။ | ဒေါ်ဆွေဆွေသန်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၆။ | ဒေါ်မြတ်ရွှေစင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၇။ | ဦးနန်ဒေ့ဖုန်ရမ် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၈။ | ဦးကျော်စွာထွန်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၉။ | ဦးမြမင်းမင်းထိုက် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၀။ | ဒေါ်ကြည်ကြည်ထွေး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၁။ | ဦးစိုင်းညီညီ | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၂။ | ဦးအောင်ကျော်သူ | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၃။ | ဒေါ်တင်နီလာမြင့် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၄။ | ဒေါ်မေသက်မှူးကျော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၅။ | ဒေါ်ခင်စန္ဒာစိုး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၆။ | ဒေါ်ခင်မျိုးဦး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၇။ | ဒေါ်ခင်မာမြင့် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၈။ | ဒေါ်ခင်သက်စုဇော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၉။ | ဒေါ်ခိုင်သဥ္ဇာဖြိုး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၀။ | ဒေါ်ကျော့ယမင်းကိုကို | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၁။ | ဦးရန်လင်းအောင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၂။ | ဒေါ်ညောင်လော့နွမ်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၃။ | ဦးမင်းမင်းနိုင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၄။ | ဦးထူးအာကာကျော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၅။ | ဦးအောင်ကိုကိုလင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၆။ | ဦးဇော်မျိုးဝင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၇။ | ဦးချမ်းပြည့်အောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၈။ | ဦးတင်လှမောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၉။ | ဦးကျော်ထင်ကိုကို | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၀။ | ဦးသန့်နိုင်ဝင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၁။ | ဦးဟုန်းနိန် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၂။ | ဦးထက်မြတ်အောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၃။ | ဒေါ်ခင်စန္ဒာစိုး | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၄။ | ဒေါ်ဇင်ဝေကြူ | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၅။ | ဦးနေဖြိုးရှိန် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၆။ | ဒေါ်ဝင်းဝါချို | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၇။ | ဒေါ်သန်းသန်းစိုး | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၈။ | ဒေါ်ခင်သူဇာကျော် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၉။ | ဦးအဝိဝမ်ကျော်မိုးအောင် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၀။ | ဦးကျော်လင်းထိုက် | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၁။ | ဒေါ်ထက်ထက်စိုး | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၂။ | ဒေါ်တင်ဇာဝင်း | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၃။ | ဒေါ်ဆုရည်နှင်း | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၄။ | ဒေါ်ယဉ်ဖြူဖြူစိုး | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၅။ | ဒေါ်မေရိတ်နိုင် | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |

### လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးလှမြင့် | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ | နေဝင်း | | အနုပညာရှင် |
| ၃။ | အေးချမ်းမောင် | | အနုပညာရှင် |
| ၄။ | မေမြင့်မိုရ်(ခ) မေမြင့်မိုရ်အောင် | | အနုပညာရှင် |
| ၅။ | ခြူးလေး(ခ) စန်းသော်တာ | | အနုပညာရှင် |
| ၆။ | လက်ာညို (ခ) တေဇာကျော် | | ဇာတ်ညွှန်းရေးဆရာ |
| ၇။ | တင်အောင်စိုး(ပန်းမြို့တော်) | | ဒါရိုက်တာ |
| ၈။ | ဦးမိုးဟိန်း | | သူရိယနေဝန်း မီဒီယာနှင့် ဂျာနယ် |

### လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ | ငှက်ပျောကြော်(ခ) မောင်မောင်အေး | လူရွှင်တော်/ သရုပ်ဆောင် |
| ၂။ | သွက်လက်(ခ) သိန်းဝင်းအောင် | လူရွှင်တော် |
| ၃။ | စူပါလင်း(ခ) သက်အောင် | လူရွှင်တော် |
| ၄။ | ဦးဝဏ္ဏ(ခ) အွန်လိုင်းဝဏ္ဏ | Trend Journal |
| ၅။ | ဦးနိုင်ဝင်းထွန်း(ခ) နောင်တော်လေး | Myanmar National Post |
| ၆။ | ဦးကျော်စိုးဦး | People Media |
| ၇။ | ဦးအောင်မိုးကျော် | မြန်မာ့ဂုဏ်သတင်းဌာန |
| ၈။ | ဦးထူးမောင်မောင် | UNION Politics News |
| ၉။ | ဒေါ်ခက်နှင်းဆု | Sniper Su |
| ၁၀။ | ဒေါ်သဇင်ဦး | Thazin Oo/ Truth Zone Online |
| ၁၁။ | ဦးအောင်မင်း | Myanmar Hard Talk |

### လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ၂။ | ဦးသက်ဇင် | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃။ | ဦးညွှန့်သောင်း | ဦးစီးမှူး(ကွန်ပျူတာ) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄။ | ဦးအောင်ဇင်မျိုး | ကျန်းမာရေးမှူး (၂) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | မ-၂၀၂၄၈ | မီးသတ်တပ်ကြပ်ကြီး သန်းလှိုင် | မီးသတ်ဦးစီးဌာန |
| ၆။ | ဦးကျော်စွာလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | မနော | | အဆိုပညာရှင် |
| ၈။ | J Fire | | အဆိုပညာရှင် |
| ၉။ | မေသက်ထားဆွေ | | အဆိုပညာရှင် |
| ၁၀။ | ဗိဗာဟိန်း | | အဆိုပညာရှင် |
| ၁၁။ | စိုးသီဟ | | အဆိုပညာရှင် |
| ၁၂။ | နက္ခတ် | | သရုပ်ဆောင် |
| ၁၃။ | နေထူးနိုင် | | သရုပ်ဆောင် |
| ၁၄။ | ဗညားရဲရင့် | | တေးရေး/ ဇာတ်ညွှန်းရေးဆရာ |
| ၁၅။ | ဇော်ဝင်းနိုင်(မန်း) | | သရုပ်ဆောင် |
| ၁၆။ | ဆင်မ | | သရုပ်ဆောင် |
| ၁၇။ | ခင်လှိုင် | | သရုပ်ဆောင် |
| ၁၈။ | ဝိုင်းလမင်းအောင် | | အဆိုပညာရှင် |
| ၁၉။ | မေ့ချစ်သက် | | အဆိုပညာရှင် |

### စီးပွားထူးချွန်တံဆိပ်များ

### လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဦးထင်ကျော် | ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးတင်မောင်စန်း | ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဦးတင်မောင်ထွဋ် | ပဲခူးတိုင်းဒေသကြီး |
| ၄။ | ဦးကျော်ဝင်းတင့် | မွန်ပြည်နယ် |
| ၅။ | ဒေါ်လှတင် | မွန်ပြည်နယ် |
| ၆။ | ဦးဉာဏ်ဦး | မွန်ပြည်နယ် |
| ၇။ | ဦးသိန်းဟံ | မွန်ပြည်နယ် |
| ၈။ | ဦးအောင်ကြည် | မွန်ပြည်နယ် |
| ၉။ | ဦးတင်အောင်သန်း | ဧရာဝတီတိုင်းဒေသကြီး |
| ၁၀။ | ဦးကျော်သူရ | ဧရာဝတီတိုင်းဒေသကြီး |
| ၁၁။ | ဦးကြည်ခိုင်စိုး | ဧရာဝတီတိုင်းဒေသကြီး |
| ၁၂။ | ဦးဇော်မင်းဦး | ဧရာဝတီတိုင်းဒေသကြီး |

### စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဦးဟန်သိန်း(ခ) ဦးချစ်ဖွယ် | ဧရာဝတီတိုင်းဒေသကြီး |

### ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | သူရဦးအောင်မျိုးမြင့် | ဦးဆောင်ညွှန်ကြားရေးမှူး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

### ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဒေါ်သဲရီနှင်း | အကြီးတန်းလေယာဉ်မယ် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်စုသဥ္ဇာကို | လေယာဉ်မယ် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဦးကျော်မောင်မောင် | ဖိုက်ဘာဂလပ်(စ်)လုပ်ငန်း | ဧရာဝတီတိုင်းဒေသကြီး |

### ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ

### ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးပေါက်ပေါက် | ညွှန်ကြားရေးမှူး(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

### နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | သိန်းသန်းဌေး | ကာကွယ်ရေးဝန်ကြီးဌာန |

### နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးဇော်မင်းလတ် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ | ဦးဝင်းလှိုင်ဦး | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

### အနုပညာထူးချွန်တံဆိပ်(ပထမဆင့်)

| | | |
|---|---|---|
| ၁။ | ရဲအောင် | သရုပ်ဆောင် |
| ၂။ | မြင့်မြတ်(ခ)မျိုးမင်းဟိန်း | အနုပညာရှင် |
| ၃။ | အောင်ခိုင် | သရုပ်ဆောင် |
| ၄။ | မင်းဇော် | တေးရေးပညာရှင် |
| ၅။ | ဇော်ဦး | သရုပ်ဆောင် |

### အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ | L ဆိုင်းဇီ | အဆိုပညာရှင် |
| ၂။ | နီနီခင်ဇော် | အဆိုပညာရှင် |
| ၃။ | စိုးစန္ဒာထွန်း | အဆိုပညာရှင် |
| ၄။ | ထူးအယ်လင်း | အဆိုပညာရှင် |

### စာပေပညာထူးချွန်တံဆိပ်(တတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဦးမျိုးဌေး(ဝင်းနွယ်-သစ်တော) | စာပေပညာရှင် |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

# Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) ကျင်းပ



**နေပြည်တော် မတ် ၁**

Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မျိုးစေ့ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ(ပျဉ်းမနား)မှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) ကို ဖဲကြိုးဖြတ်ပြီး မျိုးစေ့အမျိုးပေါင်း ၂၀၊ မျိုးစေ့ပေါင်း ၅၀၀၀၀ ပူးတွဲချည်နှောင်ထားသည့် မိုးပျံပူပေါင်းများကို လွှတ်တင်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၈၆၅၁ သင်းကို ဖွဲ့စည်းထားရှိပြီး ၉၃၂၇၉၈ ဦးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေအပါအဝင် သမဝါယမအသင်းပိုင်ငွေများဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါနှင့် ဟင်းသီးဟင်းရွက် စိုက်ဧကပေါင်း ၁၆၀၅၈၁၂ ဧကကို စိုက်ပျိုးထုတ်လုပ်နိုင်အောင် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်၊ ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီး ပြည်နယ် ၁၁ ခုမှ မြို့နယ် ၂၁ မြို့နယ်တွင် မျိုးစေ့ထုတ်သမဝါယမအသင်း ၃၁ သင်းကို ဖွဲ့စည်းထားပြီး မျိုးစေ့ထုတ်စိုက်ဧရိယာ ၁၈၃၅ ဧကတွင် သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးစေ့ထုတ်သမဝါယမအသင်းများမှ အသင်းသားတောင်သူ ၁၅၄၉ ဦးကို မျိုးကောင်းမျိုးသန့်များနှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ(ပုလဲ၊ ကွန်ပေါင်း) ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေးသွင်းအားစုနှင့်ညီမျှသောငွေများကို နိုင်ငံတော်က သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် တောင်သူများ အရင်းအနှီးပိုမိုတောင့်တင်းလာစေရေးနှင့် ဈေးကွက်ခိုင်မာရေးအတွက် မျိုးစေ့ထုတ်သမဝါယမအသင်းများကထွက်ရှိသော မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများအား ရောင်းချပေးခြင်း၊ ထွက်ရှိလာသည့်သီးနှံများကို သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း၊ တောင်သူဦးကြီးများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲကြရန် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုကျင်းပသည့် မျိုးစေ့ပြပွဲ ၂၀၂၆ သည် မျိုးစေ့ထုတ်လုပ်သူများ၊ သုတေသနပညာရှင်များနှင့် လယ်သမားများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းကောင်းများကို အသုံးချပြီး စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် စိုက်ပျိုးသူတောင်သူများအပြင် ပါဝင်ပတ်သက်သူအားလုံးအချင်းချင်း အတွေ့အကြုံဖလှယ်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ကွဲပြားခြားနားသော ရာသီဥတုရေမြေအခြေအနေစုံလင်သည့် မိမိတို့မြန်မာနိုင်ငံတွင် ဒေသအလိုက်ကောင်းစွာဖြစ်ထွန်းပြီး အရည်အသွေးစံချိန်စံညွှန်းနှင့်ကိုက်ညီသော မျိုးစေ့များထုတ်လုပ်နိုင်ရေးသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြသောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးသွားကြရန် ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက Seed Fair 2026 ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆)တွင် ခင်းကျင်းပြသထားသော ပြခန်းများနှင့် စိုက်ပျိုးပြသထားသောသီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တောင်သူလယ်သမားအခွင့်အရေး အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ "တောင်သူလယ်သမားများ သွင်းအားစု(မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်" ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ကျင်းပသည့် "မျိုးစေ့ပြပွဲ ၂၀၂၆" ကို အဋ္ဌမအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း၊ "မျိုးစေ့ပြပွဲ ၂၀၂၆" ကို အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲမှုမြင့်မားလာစေရေး၊ မျိုးစေ့သုံးစွဲသူများနှင့် မျိုးစေ့ထုတ်လုပ်သူများအကြား ဆက်နွယ်မှုကွန်ရက် ပိုမိုကောင်းမွန်စေရေးနှင့် မျိုးစေ့ကဏ္ဍတွင် Public-Private Partnership (PPP) ပိုမိုကောင်းမွန်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိကြောင်း၊ မြေဧရိယာ ၂၈ ဧကပေါ်၌ လယ်ယာသီးနှံ ၁၀ မျိုး၏ မျိုးပြား ၉၁ မျိုး၊ ဟင်းသီးဟင်းရွက် သီးနှံ ၂၄ မျိုး၏ မျိုးပြား ၅၃ မျိုးတို့အပြင် ပြခန်းများအနေဖြင့် ဌာနနှစ်ခုနှင့် ကုမ္ပဏီ ၃၄ ခုတို့ ခင်းကျင်းပြသမည်ဖြစ်၍ တောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်သူများအားလုံး အားရပါးရလေ့လာနိုင်မည်ဖြစ်ပြီး သိရှိလိုသည်များကို စိုက်ကွင်းအလိုက် ပညာရှင်ဝန်ထမ်းများက ဖြေကြားပေးမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံအတွင်း အသင်းစုပိုင်မြေပေါ်တွင် ရုရှားနေကြာမျိုးများဖြစ်သည့် MAKHAON KLP (မက်ဟွန်)မျိုး၊ VULKAN( ဗော့ကန်)မျိုး၊ IPPOLIT (အိုင်ပေါ်လစ်)မျိုး သုံးမျိုးအား တစ်မျိုးလျှင် ငါးဧကနှုန်းဖြင့် စုစုပေါင်း ၁၅ ဧက စိုက်ပျိုးထားရှိမှု၊ အသားတိုးကြက်အကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြင်ဦးလွင်မြို့နယ်၌ ဆောင်းဂျုံသီးနှံ စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ပြင်ဦးလွင် မတ် ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းဂျုံသီးနှံစံကွက်ရိတ်သိမ်းပွဲကို ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ညောင်သာယာကျေးရွာရှိ တောင်သူ ဦးဟန်သိန်း၏ ဂျုံစိုက်ခင်းတွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ ဆောင်းဂျုံသီးနှံ စံကွက်ရိတ်သိမ်းရာတွင် ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/ ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူ ၈၀ တက်ရောက်ကြပြီး တောင်သူ ဦးဟန်သိန်း၏ ဆောင်းဂျုံသီးနှံ စံကွက်စိုက်ခင်းရိတ်သိမ်းရာတွင် အစိုအထွက် ၇၁ ဒသမ ၂၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာဆွေးနွေး

**တပ်ကုန်း မတ် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် RUMA Organic Company Limited နှင့် "ရွှေဟိန်း" ဆန်စက်တို့ ပူးပေါင်းကျင်းပသည့် ကျေးလက်နေစိုက်ပျိုးရေးတောင်သူများ စိုက်ပျိုးရေးနည်းပညာများ ပိုမိုသိရှိစေရန် ရည်ရွယ်ကျင်းပသည့် စိုက်ပျိုးရေးနည်းပညာဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက မြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နေပြည်တော် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းအောင်က စိုက်ပျိုးရေးနည်းပညာဆွေးနွေးခြင်းဆောင်ရွက်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး RUMA Organic Company Limited မှ တာဝန်ရှိသူ ဦးဇာနည်တိုးက ထုတ်ကုန်များအားလုံးတွင် Humic Acid ပါဝင်ခြင်း၊ အမြစ်ဆင်းအားကောင်းပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိစေခြင်း၊ ရောဂါဒဏ်ခံနိုင်ရည်ရှိစေခြင်း၊ ဓာတ်မြေဩဇာအသုံးပြုမှုလျှော့ချနိုင်စေခြင်း၊ သီးနှံအရည်အသွေးကောင်းစေပြီး အထွက်နှုန်းတိုးတက်စေခြင်း၊ စားသုံးသူ၊ စိုက်ပျိုးသူနှင့် သဘာဝပတ်ဝန်းကျင် အန္တရာယ်မရှိစေခြင်း စသည့်အကြောင်းအရာများနှင့် Ruma ရွက်ဖျန်းအားဆေးများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**





## ညောင်ရွှေမြို့နယ်၌ ရုရှားနေကြာစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**ညောင်ရွှေ မတ် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံငွေစုငွေချေး သမဝါယမအသင်းမှ ဆောင်းနေကြာ ရုရှားမျိုး စိုက်ပျိုးထားသည့်အခြေအနေများကို ဖေဖော်ဝါရီ ၂၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**လမ်းညွှန်မှာကြား**

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့်တာဝန်ရှိသူများက သက်တန့်ရောင်စီမံကိန်း ရုရှားနေကြာမျိုး စိုက်ပျိုးထားရှိသည့် အသင်းသားများအား အပင်၏အသက်ရက်အလိုက် ကျွေးရမည့်အစာအာဟာရများ အချိုးကျ အချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါ မကျရောက်စေရေးလိုအပ်သည်များ ကြိုတင်ဆောင်ရွက်ရန်နှင့် ရာသီကုန်ချိန်တွင် သတ်မှတ်အထွက်နှုန်း ရရှိရေး ဦးတည်ကြိုးပမ်းကြပ်မတ်ဆောင်ရွက်သွားကြရန် ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်မြို့၌ ကျင်းပလျက်ရှိသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် မတ် ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာအာကာသအေဂျင်စီ၊ အာကာသပြတိုက်(ရန်ကုန်)တို့က ကြီးမှူး၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပလျက်ရှိသည့် မြန်မာနိုင်ငံ၌ အကြီးကျယ် အခမ်းနားဆုံး အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲသို့ သွားရောက်လေ့လာကြည့်ရှုအားပေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် မြန်မာအာကာသအေဂျင်စီနှင့် အာကာသပြတိုက်(ရန်ကုန်)တို့မှ တာဝန်ရှိသူများက လက်ရှိ အခြေခံပညာအလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို လိုက်လံရှင်းလင်း ပြသကြပြီး ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်အားပေးကာ အဆာပြေအဖြစ် အအေးနှင့် မုန့်များ၊ ချီးမြှင့်ငွေများကို တစ်ဦးချင်း လိုက်လံပေးအပ်၍ ပြိုင်ပွဲအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က လက်ခံရယူသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် စက်ရုပ်များ၏ သရုပ်ပြဖျော်ဖြေမှုများ၊ စကြဝဠာတည်ရှိမှုသမိုင်းကြောင်းနှင့် အာကာသအတွင်းရှိ ကမ္ဘာမြေနှင့် ဂြိုဟ်ကြီးများအကြောင်း၊ အာကာသနည်းပညာဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ အများပြည်သူ သိရှိနားလည် ဗဟုသုတရရှိစေရေးအတွက် ခင်းကျင်းပြသထားသည့်အာကာသဆိုင်ရာပြခန်းများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အာကာသဆိုင်ရာ ပြခန်းတာဝန်ခံများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကင်းမြို့နယ်၌ နွေရာသီ အခြေခံ ပန်းချီရေးဆွဲနည်း(အခမဲ့)သင်တန်းဖွင့်

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်းဂုဏ်ရည်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကင်းဂုဏ်ရည်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီကကြီးမှူး၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်း(အခမဲ့)သင်တန်း ဖွင့်လှစ်သည်။

အခမ်းအနားတွင် အမှတ်(၅)ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှထွေးက အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပန်းချီသင်တန်းတွင် ပန်းချီနည်းပြဆရာကြီး ဦးအောင်သစ်က သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ မတ် ၁ ရက်မှ ၁၀ ရက်အထိ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြန်မာနိုင်ငံ(မူဆယ်)-တရုတ်နိုင်ငံ(ရွှေလီ) နယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲ ကျင်းပ




မူဆယ် မတ် ၁

မြန်မာနိုင်ငံ(မူဆယ်)-တရုတ်နိုင်ငံ(ရွှေလီ) နယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲကို တရုတ်နိုင်ငံ ရွှေလီမြို့တွင် ယနေ့နံနက် ၆နာရီခွဲက ရွှေလီမြို့ နော်မောဟုပန်းခြံ၌ ကျင်းပပြီး ပြိုင်ပွဲဝင် စုစုပေါင်း ၄၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာကောင်စစ်ဝန်ချုပ်(ကူမင်း) ဦးသွင်ထက်လင်း၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်သိန်း၊ မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းမင်း၊ ရွှေလီမြို့တော်ဝန်နှင့် နှစ်နိုင်ငံမှ တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးကြသည်။

မြန်မာနိုင်ငံ(မူဆယ်)-တရုတ်နိုင်ငံ(ရွှေလီ) နယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲကို နှစ်နိုင်ငံနယ်စပ်ရှိ ပြည်သူများ အပြန်အလှန် ချစ်ကြည်ရေးဖလှယ်ပြီး အားကစားကဏ္ဍကို ပိုမိုတိုးတက်လာစေရန်၊ မြန်မာ-တရုတ် ရိုးရာဓလေ့ထုံးစံများ ပိုမိုရင်းနှီးလာစေရန်၊ မြန်မာ-တရုတ် ကုန်စည်ကူးသန်းရောင်းဝယ်ရေးကဏ္ဍများကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံနယ်စပ်ရှိပြည်သူများ ပိုမိုခင်မင်ရင်းနှီးလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို တရုတ်နိုင်ငံ ရွှေလီမြို့ နော်မောဟုပန်းခြံမှ စတင်တာလွှတ်ပြီး နှစ်နိုင်ငံ နယ်စပ်ဂိတ် (နန်းတော်ဂိတ်)ရှိ နယ်ခြားမှတ်တိုင် S-81 ကိုပတ်ကာ ရွှေလီမြို့သို့ ပြန်ထွက်ပြီး နော်မောဟုပန်းခြံ၌ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် တာဝေး(ကျား/မ)နှင့် တာလတ်(ကျား/မ) ဟူ၍ ပါဝင်ယှဉ်ပြိုင်စေပြီး မြန်မာနိုင်ငံမှ ၂၂၁ ဦး၊ တရုတ်နိုင်ငံမှ ၃၇၇၄ ဦးနှင့် နိုင်ငံခြားသား သုံးဦး စုစုပေါင်း ၃၉၉၈ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုများချီးမြှင့်ရာတွင် တာဝေး(ကျား/မ) နှင့် တာလတ်(ကျား/မ)ဟူ၍ သီးခြားချီးမြှင့်ပြီး တာလတ်(ပထမ)ဆု ယွမ် ၅၀၀၀၊ ဒုတိယဆု ယွမ် ၄၀၀၀ နှင့် တတိယဆု ယွမ် ၃၀၀၀ ကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူများက ချီးမြှင့်ကြပြီး ပြိုင်ပွဲဝင်အားလုံးကို ယွမ် ၁၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

# ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကျိုက်လတ် မတ် ၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန် ယမန်နေ့ နံနက်ပိုင်းက မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၊ ဈေးကော်မတီဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးအတွင်း မီးလောင်ကျွမ်းမှုဖြစ်စေတတ်သော လောင်စာဆီများနှင့် လောင်စာများ သိုလှောင်ထားခြင်း မပြုရန်၊ လျှပ်စစ်ဝါယာကြိုးများ ကောင်းမွန်ခြင်း ရှိ/မရှိ စစ်ဆေးအသုံးပြုရန်နှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်မှုများ ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)





# လပွတ္တာမြို့နယ်၌ ပြည်သူများ ဘေးအန္တရာယ်ကင်းစေရေး စစ်ဆေး

လပွတ္တာ မတ် ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် မြတ်မော်တင်ဘုရားပွဲသို့ ပြေးဆွဲသည့် ရေယာဉ်(ပိုလိုင်း)အား ပြည်သူများဘေးကင်းလုံခြုံမှုရှိစေရေး စစ်ဆေးခြင်းများကို ယမန်နေ့တွင် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကိုက ရေယာဉ်ပေါ်ရှိပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အသက်ကယ်အင်္ကျီများနှင့် အသက်ကယ်ဗောကွင်းများ ထားရှိစေရေးနှင့် မီးလောင်၊ မီးလန့်မှုများ ဖြစ်ပွားပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရေး မီးသတ်ဆေးဘူးများ ထားရှိရန်၊ လျှပ်စစ်မီးကြိုးများ စနစ်တကျအသုံးပြုရန် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

စာပေ မြင့်မှ လူမျိုး တင့်မည်

# မီးဘေးအန္တရာယ်ကို အသိ၊ သတိဖြင့် ကြိုတင်ကာကွယ်ကြပါ

စောအောင်လင်း

**ပူပြင်းလာသည့် နွေရာသီသို့ရောက်ရှိလာချိန်၌ မီးလောင်ကျွမ်းမှုဖြစ်စဉ်သတင်းများကို ခပ်စိပ်စိပ်ကြားနေရသည်။ မီးလောင်ကျွမ်းမှုသည် နွေရာသီတွင် ပိုမိုဖြစ်ပွားတတ်သော်လည်း ရာသီမရွေး၊ အချိန်မရွေး၊ နေရာမရွေး ဖြစ်ပေါ်တတ်ပါသည်။ မီးကို သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဟု ဆိုကြသည်။ မဖြစ်မနေသုံးစွဲရသည်မှာ မှန်သော်လည်း ပေ့ါဆမှု၊ မရှိသေမှုများကြောင့် မီးဘေးအန္တရာယ်များ ဖြစ်ပေါ်နေသည်ကို သတိပြုကြရပါမည်။**

မီးလောင်ကျွမ်းမှုဖြစ်စဉ်များကို လေ့လာရာတွင် ပေ့ါဆမီး၊ လျှပ်စစ်မီး၊ မီးဖိုမီး၊ မသမာသူရှို့မီး၊ တောမီး၊ အလိုအလျောက်မီးဆိုသည့် မီးလောင်မှုအမျိုးအစားများကို တွေ့ရသည်။ ယင်းတို့ထဲမှ ပေ့ါဆမီးနှင့် လျှပ်စစ်မီးကြောင့် လောင်ကျွမ်းမှုများက ပိုမိုများပြားပါသည်။

မီးလောင်ကျွမ်းခြင်းသည် အပူနှင့် အလင်းထွက်ပေါ်လာသည့် ဓာတ်ပြုမှု သို့မဟုတ် ဓာတ်ပြုမှုတစ်ခုဖြစ်သည်။ ဓာတ်ပြုမှုနှေးကွေးပါက ဓာတ်တိုးမှုနှေးကွေးသည်။ လောင်ကျွမ်းမှုသည် အလွန်လျင်မြန်သည့်နှုန်းနှင့် ဓာတ်ပြု၍ အပူနှင့် အလင်းကို ထုတ်လွှတ်ပေးသည်။ မီးလောင်မှုတစ်ခုဖြစ်ရန် အပူ၊ အောက်ဆီဂျင်နှင့် လောင်စာတို့ လိုအပ်သည်။ ထိုသုံးမျိုးပေါင်းစည်းမိသွားသည့်အချိန်တွင် မီးလောင်ကျွမ်းမှုကို ဆက်လက်ဖြစ်ပေါ်စေသည်။ ထို့ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပါက ဖော်ပြပါသုံးမျိုးထဲမှ တစ်မျိုးမျိုးကို ဖယ်ထုတ်ငြိမ်းသတ်ရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ နှစ်စဉ် တစ်နှစ်လျှင် ပျမ်းမျှအကြိမ် ၁၈၀၀ ကျော်ဖြစ်ပေါ်နေပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာလည်း တစ်နှစ် ပျမ်းမျှ ငွေကျပ် ၁၅ ဘီလီယံခန့်ရှိသည်ဟု မှတ်သားရပါသည်။



ဖေဖော်ဝါရီ ၂၅ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာ အာဟာရသုခဈေး မီးလောင်ကျွမ်းမှုကြောင့် ဆိုင်ခန်းများ မီးလောင်ဆုံးရှုံးမှုကို တွေ့ရစဉ်။

မီးလောင်ကျွမ်းမှုကြောင့် အနှစ်နှစ်အလလက ရှာဖွေစုဆောင်းထားသည့် အိုးအိမ်၊ စည်းစိမ်ဥစ္စာများသည် နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ပြာပုံဘဝသို့ အချိန်မရွေး ရောက်ရှိသွားကြရသည်။ အခန့်မသင့်လျှင် လူတို့၏အသက်များကိုပါ ပေးဆပ်ကြရသည်။ တစ်ဆက်တည်း နိုင်ငံတော်ပိုင် အခြေခံအဆောက်အအုံများကိုလည်း ပျက်စီးဆုံးရှုံးနိုင်ခြင်းကြောင့် မီးဘေးအန္တရာယ်မဖြစ်စေရန် ပြည်သူတစ်ရပ်လုံးက အလေးထားကြရပါမည်။

ယခုတစ်လော မီးလောင်မှုဖြစ်စဉ်များကိုလေ့လာရာတွင် လျှပ်စစ်မီးကို စည်းကမ်းမဲ့သုံးစွဲမှုနှင့် ပေ့ါဆစွာ အသုံးပြုခြင်းတို့ကြောင့် ဖြစ်ပွားကြသည်ကို တွေ့ရသည်။ ခေတ်မီတိုးတက်မှုများနှင့်အတူ ပြောင်းလဲသုံးစွဲလာကြသည့် လူ့အသုံးအဆောင်ပစ္စည်းများ၌ လျှပ်စစ်ကို အသုံးပြုကြသည်။ လျှပ်စစ်မီးကို ပေ့ါဆစွာအသုံးပြုရာမှ အပူလွန်ကဲမှုကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ကြခြင်းဖြစ်သည်။

အထူးသဖြင့် မြို့ပြဒေသများတွင် လူနေပိုမိုထူထပ်လာခြင်းကြောင့် အိမ်ခြေများ ပိုမိုများပြားလာသည်။ အချို့နေရာများတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေထိုင်လာကြသည်။ ထိုအဆောက်အအုံအချို့တွင် လူနေရုံသက်သက်မဟုတ်ဘဲ ကုန်ပစ္စည်းများသိုလှောင်ခြင်း၊ လုပ်ငန်းများလုပ်ကိုင်ခြင်းများလည်း ရှိနေခြင်းကြောင့် မီးဘေးအန္တရာယ်ကို ပိုမိုသတိပြုကြရမည်ဖြစ်သည်။

အချို့အဆောက်အအုံများသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများကို ထည့်သွင်းတည်ဆောက်ထားကြသော်လည်း အချို့အဆောက်အအုံများသည် အရေးပေါ်ထွက်ပေါက်ကိုပင် ထည့်သွင်းမထားသည်ကို မြင်တွေ့ရသည်။ အထူးသဖြင့် ကုန်တိုက်ကြီးများ၊ အရောင်းဆိုင်များ၊ ဟိုတယ်များ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ သိုလှောင်ရုံများ၊ စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ရုံးအဆောက်အအုံများဆောက်လုပ်ရာတွင် မီးဘေးကြိုတင်ကာကွယ်ရေးအစီအမံများ ထည့်သွင်းတွက်ချက် ဆောက်လုပ်၍ မီးငြိမ်းသတ်ရေးပစ္စည်းများကိုလည်း ပြည့်စုံအောင် ထားရှိရပါမည်။

ထို့အပြင် အရေးပေါ်ပြန်လည်တုံ့ပြန်ရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပစ္စည်းသယ်ယူရေးအဖွဲ့စသည်တို့ကို စနစ်တကျဖွဲ့စည်း၍ သင်တန်းပေးခြင်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို မီးသတ်ဦးစီးဌာနက အကူအညီရယူဆောင်ရွက်ထားရပါမည်။ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကိုလည်း မီးဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။ ရုံးပိတ်ချိန်၊ ညအိပ်ချိန်၊ လုပ်ငန်းပြီးဆုံးချိန်များတွင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်၍ မီးခလုတ်များ၊ ကွန်ပျူတာများ၊ အခြားလုပ်ငန်းသုံးပစ္စည်းများနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ပစ္စည်းများကို စစ်ဆေးသင့်ပါသည်။

အဆောက်အအုံအချို့တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရန် မီးအားမြှင့်စက်၊ မီးအားထိန်းစက်များနှင့် ဆိုလာစနစ်များကို တပ်ဆင်အသုံးပြုကြသည်။ သုံးစွဲရာတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အမြဲစစ်ဆေးအသုံးချကြရန် လိုအပ်ပါသည်။ တပ်ဆင်အသုံးပြုထားသည့် ဝိုင်ယာကြိုးများ၊ မီးခလုတ်များ၊ မီးပလတ်များသည် ခံနိုင်ဝန်အားနှင့်မျှတမှု ရှိ၊ မရှိ၊ ပျက်စီးချွတ်ယွင်းမှု ရှိ၊ မရှိ စစ်ဆေး၍ သုံးစွဲရန် မသင့်လျော်ပါက အသစ်လဲလှယ်အသုံးပြုရပါမည်။

အချို့လမ်းသွယ်၊ လမ်းကြားများတွင် ယာဉ်များစည်းကမ်းမဲ့ရပ်နားထားမှု၊ ဈေးဆိုင်များဖွင့်လှစ်ရောင်းချမှု၊ လုပ်ငန်းများလုပ်ကိုင်မှုများကြောင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ယာဉ်များ အဝင်အထွက်ကို အနှောင့်အယှက်ဖြစ်စေပါသည်။ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ၊ ဝိုင်ဖိုင်ကြိုးများ တပ်ဆင်ရာတွင်လည်း အန္တရာယ်ကင်းစေရန်နှင့် စည်းကမ်းစနစ်တကျဖြစ်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မီးလောင်မှုဖြစ်ပွား၍ မီးငြိမ်းသတ်နေစဉ် မီးသတ်ယာဉ်များကို အနှောင့်အယှက်ဖြစ်စေမည့် ဝိုင်းအုံကြည့်ရှုခြင်း၊ လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးကြခြင်းများကိုလည်း ဆင်ခြင်သင့်ပါသည်။

အရေးကြီးသည့်အချက်တစ်ခုမှာ မီးလောင်မှုဖြစ်ပွားပါက ပတ်ဝန်းကျင်ကသိရှိမည်ကို စိုးရိမ်၍ ကျိတ်ပြီးငြိမ်းသတ်နေခြင်းမပြုဘဲ ပတ်ဝန်းကျင်၏ အကူအညီကိုတောင်းခံကာ မီးကိုငြိမ်းအောင် ငြိမ်းသတ်ရန်ဖြစ်ပါသည်။ အချို့က ကျိတ်၍ငြိမ်းသတ်နေရာမှ မနိုင်မနင်းဖြစ်ကာ မီးလောင်ဆုံးရှုံးမှု ပိုမိုများပြားလာပါသည်။

မီးဘေးရှောင် မလောင်ခင်တားဆိုသည့်အတိုင်း မီးလောင်မှုမဖြစ်ပွားစေရန် ပြည်သူတစ်ဦးချင်းစီက ကိုယ်စီအသိတရားဖြင့် သတိထားကြရပါမည်။ မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေးတာဝန်တစ်ခုတည်းသာမဟုတ်ဘဲ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေကြသည်။ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ နေ့စဉ်ထုတ်သတင်းစာများ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အွန်လိုင်းများမှတစ်ဆင့် အိမ်တိုင်းအိမ်တိုင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များကို ထုတ်ပြန်ထားပါသည်။

**မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး<br>အသိပညာပေးနှိုးဆော်ချက်**

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

စာမျက်နှာ ၁၁ သို့ ✪

**❛ယခုတစ်လော မီးလောင်မှုဖြစ်စဉ်များကိုလေ့လာရာတွင် လျှပ်စစ်မီးကို စည်းကမ်းမဲ့သုံးစွဲမှုနှင့် ပေ့ါဆစွာအသုံးပြုခြင်းများကြောင့် ဖြစ်ပွားကြသည်ကို တွေ့ရသည်။ ခေတ်မီတိုးတက်မှုများနှင့်အတူ ပြောင်းလဲသုံးစွဲလာကြသည့် လူ့အသုံးအဆောင်ပစ္စည်းများ၌ လျှပ်စစ်ကို အသုံးပြုကြသည်။ လျှပ်စစ်မီးကို ပေ့ါဆစွာအသုံးပြုရာမှ အပူလွန်ကဲမှုကြောင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်ကြခြင်းဖြစ်**

**အဆောက်အအုံအချို့တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရန် မီးအားမြှင့်စက်၊ မီးအားထိန်းစက်များနှင့် ဆိုလာစနစ်များကို တပ်ဆင်အသုံးပြုကြသည်။ သုံးစွဲရာတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အမြဲစစ်ဆေးအသုံးချကြရန် လိုအပ်ပါသည်။ တပ်ဆင်အသုံးပြုထားသည့် ဝိုင်ယာကြိုးများ၊ မီးခလုတ်များ၊ မီးပလတ်များသည် ခံနိုင်ဝန်အားနှင့်မျှတမှု ရှိ၊ မရှိ၊ ပျက်စီးချွတ်ယွင်းမှု ရှိ၊ မရှိ စစ်ဆေး၍ သုံးစွဲရန်မသင့်လျော်ပါက အသစ်လဲလှယ်အသုံးပြု❜**

# လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် စာရင်းကိုင်ပညာဒီပလိုမာအောင်လက်မှတ်နှင့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ၊ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဘွဲ့လွန်ဒီပလိုမာလက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးကျင်းပသည့် အကြိမ်(၂၀) မြောက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် စာရင်းကိုင်ပညာ ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းနှင့် ဆုချီးမြှင့်ပွဲ၊ ပထမအကြိမ် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံများ၊ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများ ဘွဲ့လွန် ဒီပလိုမာလက်မှတ် ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ပွဲတို့ကို ယနေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်း ကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂) နှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း ဥက္ကဋ္ဌ ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံးမှ တာဝန်ရှိသူများ၊ စာရင်းကိုင် အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ ကြီးကြပ် ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ ဆု၊ အောင်လက်မှတ်နှင့် ဒီပလိုမာ လက်ခံရယူမည့် သင်တန်းသား များနှင့် မိဘ ဆွေမျိုးများ၊ ဖိတ်ကြားထားသည့် ဧည့်သည် တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က မြန်မာနိုင်ငံ စာရင်းကောင်စီအနေဖြင့် မြန်မာ နိုင်ငံ စာရင်းကောင်စီဥပဒေ ပုဒ်မ ၁၇(က)နှင့်အညီ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်မီသော စာရင်း ပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် မွေးထုတ် ပေးနိုင်ရန် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်(CPA)နှင့် ဒီပလိုမာ စာရင်းကိုင်(DA) သင်တန်းများ အပြင် Diploma in IPSAS၊ Diploma in IFRS နှင့် Diploma in Internal Audit သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက် ရှိကြောင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီအနေ ဖြင့် ၁၉၇၂ ခုနှစ်မှစ၍ အရည်အချင်း ပြည့်မီသော စာရင်းပညာရှင်များ၊ စာရင်းပညာကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် မွေးထုတ်ပေး လျက်ရှိရာ ယနေ့အောင်လက်မှတ် ရရှိသူများအပါအဝင် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် အောင်လက်မှတ်ရရှိသူ ၂၈၂၂ ဦး နှင့် စာရင်းကိုင်ပညာ ဒီပလိုမာ အောင်လက်မှတ်ရရှိသူ ၄၈၇၄ ဦး ကို အောင်လက်မှတ်ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း။

ထို့ပြင် ပထမအကြိမ်အဖြစ် Diploma in IPSAS ၄၉ ဦးနှင့် Diploma in IFRS ၃၆ ဦး စုစုပေါင်း ဘွဲ့လွန်ဒီပလိုမာလက်မှတ်ရရှိသူ ၈၅ ဦးကို အောင်လက်မှတ်ပေးအပ် ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော် အတွက် အရည်အချင်းပြည့်ဝသော စာရင်းပညာရှင်များ တိုးတက် များပြားလာရေးကို ရည်ရွယ်၍ နိုင်ငံခြားတိုင်းပြည်များမှ စာရင်း ပညာဘွဲ့၊ စာရင်းပညာလက်မှတ် ရရှိထားသူ နိုင်ငံသားများကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အဖြစ် အသိအမှတ်ပြုနိုင်ရန် အရည်အချင်းစစ်စာမေးပွဲ (၁၄) ကြိမ် ကျင်းပပေးခဲ့ပြီး စာရင်းပညာ ရှင် ၁၀၂ ဦးကို အသိအမှတ်ပြုပေး ခဲ့ပြီဖြစ်ကြောင်း၊ အာဆီယံစီးပွား ရေး အသိုက်အဝန်း (ASEAN Economic Community- AEC) မှတောင်အရ မြန်မာ CPA များ အရည်အချင်းပြည့်ဝလျှင် အခြား နိုင်ငံများတွင် သွားရောက်လုပ်ကိုင် ခွင့်ရမည်ဖြစ်၍ ASEAN CPA ဖြစ် ရန်အတွက်လည်း အရည်အသွေး အစဉ်မြှင့်တင်နေရန် လိုအပ် ကြောင်း၊ စာရင်းလုပ်ငန်းနှင့် ပတ်သက်သော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များကို လေ့လာမှတ်သားခြင်း နှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်များကို လိုက်နာ၍ မိမိ ဂုဏ်သိက္ခာ၊ လုပ်ငန်းအဖွဲ့အစည်း ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းကြ ရန် အထူးမှာကြားလိုကြောင်း၊ မိမိ တို့ တတ်မြောက်ခဲ့သည့် စာရင်း ပညာရပ်များကိုလက်တွေ့နယ်ပယ် တွင် အကျိုးရှိစွာ အသုံးချခြင်းဖြင့် ပိုမိုတောက်ပသည့် အနာဂတ်ကို လက်ဆင့်ကမ်းပေးနိုင်သည့် နိုင်ငံ့ အကျိုး၊ စာရင်းပညာလောကရဲ့ အကျိုး သယ်ပိုးရွက်ဆောင်နိုင် သည့် စာရင်းပညာရှင်များ ဖြစ်စေ ရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုစာရင်း စစ်ချုပ်က လက်မှတ်ရပြည်သူ့ စာရင်းကိုင်၊ ဒီပလိုမာစာရင်းကိုင် နှင့် ဘွဲ့လွန်ဒီပလိုမာစာမေး ပွဲ အောင်မြင်သူများကို အောင်လက်မှတ်များ ပေးအပ် ချီးမြှင့်ပြီး ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရင်း ကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာ နိုင်ငံ လက်မှတ်ရပြည်သူ့စာရင်း ကိုင်များအသင်းဥက္ကဋ္ဌနှင့် မြန်မာ နိုင်ငံစာရင်းကောင်စီ အတွင်းရေး မှူးတို့က စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူ များ၊ ဘာသာရပ်အသီးသီးတွင် ထူးချွန်ဆုရရှိသူများကို ဆုတံဆိပ် များ ပေးအပ်ချီးမြှင့်ကြသည်။

ညနေပိုင်းတွင် အခမ်းအနား တက်ရောက်လာသည့် တာဝန်ရှိ သူများနှင့် အောင်လက်မှတ်ရရှိ သည့် သင်တန်းသား သင်တန်းသူ များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

# မောက်မယ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည် ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ် ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မောက်မယ်- နမ့်လွတ်-ကဒူးလေး လမ်းပေါ်ရှိ နမ့်ယွန်းချောင်းကူးကွန်ကရစ်တံတားပေ ၁၂၀ (ယာဉ်သွား လမ်းအကျယ် ၁၄ ပေ) တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အဆိုပါ ကွန်ကရစ်တံတား ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် လင်းခေးခရိုင်အတွင်းရှိ ကျေးရွာ ၁၀ ရွာ မှ အိမ်ထောင်စု ၆၅၃ စု၊ လူဦးရေ ၂၄၅၃ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



❂ စာမျက်နှာ ၁၀ မှ

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင် အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြု ခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည် တတ်ကျွမ်းသူများနှင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စစ်ပတ်လမ်းကို အလို အလျောက်ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိ ခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူ အညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ် စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသော အစိတ် အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ အမွှေးဆီ စသည့် မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိ ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ် အစရှိသော မီးဖြစ်စေသောပစ္စည်းများကို ကလေးသူငယ် များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာ များတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင် အစရှိသောပစ္စည်းများ အား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟုသေချာမှသာ စနစ်တကျ စွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများ ကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်း ခြင်း၊ မီးငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှကို သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟုသေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့် ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲ အစ ရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူး ထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့် သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ် သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်။ လှေကားသည် အရွယ်ရောက်ပြီး လူငယ် တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦး အတက်ခံနိုင် သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်။ ရေနှင့် သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သောပုံးဖြင့်ဖြစ်စေ အများ အပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က အခါအားလျော်စွာထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျ စွာ လိုက်နာဆောင်ရွက်ပါ။

ရန်သူမျိုးတစ်ပါးဖြစ်သည့် မီးဆိုသည်မှာ မလောင်ခင်က ကြိုတင် ကာကွယ်၍ရနိုင်ပါသည်။ မီးလောင်မှ ငြိမ်းသတ်ခြင်းထက် မီးမလောင် အောင် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည် ပြည်သူတိုင်းတွင် တာဝန်ရှိပါသည်။ မီးဘေးအန္တရာယ်သည် မည်သည့်အချိန်၊ မည်သည့် နေရာတွင် မည်သို့ဖြစ်ပေါ်မည်ကို ကြိုတင်၍မသိရှိနိုင်ပါ။ သို့ပါ၍ ပြည်သူတစ်ဦးချင်းစီက ရာသီမရွေးဖြစ်ပေါ်နိုင်သည့် မီးဘေးအန္တရာယ် ကို အသိ၊ သတိဖြင့် ကြိုတင်ကာကွယ်ကြပါရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

# တိုင်းဒေသကြီးဝန်ကြီးချုပ် မြောင်းမြမြို့နယ် ပြင်ရွာအခြေခံပညာထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ



**ပုသိမ် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့ညနေပိုင်းက မြောင်းမြမြို့နယ် ပြင်ရွာ အခြေခံပညာထက်တန်းကျောင်း မြရေအေးခန်းမ၌ Grade-12 သင် ဆရာ ဆရာမများ၊ Grade-12 ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အတွက် တွေ့ဆုံဆွေးနွေးသည်။

**ပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် နှစ်စဉ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘာသာရပ်ဆိုင်ရာသိကောင်းစရာ ဆွေးနွေးဟောပြောပွဲများကိုလည်း တက္ကသိုလ်မှ ဆရာ ဆရာမများဖြင့် ပြုလုပ်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ အားနည်းသည့် ဘာသာရပ်များအလိုက် ထိရောက်စွာ အချိန်ပိုသင်ကြားခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်တန်း အကြိုစာမေးပွဲများကိုလည်း ဖြေဆိုပြီးဖြစ်၍ ကျောင်းသား ကျောင်းသူများ၏ အားနည်းချက် အားသာချက်များအလိုက် ပိုမိုဖြည့်ဆည်း သင်ကြားပေးရန်လိုကြောင်းနှင့် တစ်ကြိမ်ထက်တစ်ကြိမ် တိုးတက်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက်လည်း တာဝန်ရှိသူအားလုံးက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ သာပေါင်းမြို့နယ် သဲဖြူကျေးရွာ တောင်သူ ဒေါ်ရင်လှ၏ စိုက်ဧက ၂၀ တွင် စိုက်ပျိုးထားသည့် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းနေကြာ(စံပြစိုက်ခင်း)Super Sun-41 မျိုး စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးပြီး ပိုးမွှားများ မကျရောက်စေရေး ကြိုတင်ကာကွယ် ဆောင်ရွက်ကြရန်၊ ရေပေးခြင်း၊ မြေဩဇာကျွေးခြင်းကို အချိန်ကိုက်ဆောင်ရွက်ပြီး အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်ရန်နှင့် ရိတ်သိမ်းရာတွင်လည်း လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျ ရိတ်သိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပုသိမ်မြို့ သာသနာ့ဗိမာန်သို့သွားရောက်ကာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပရန်အတွက် သာသနာရေးဦးစီးဌာနက ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးဦးရဲတင့် ရေကူးအသံလွှင့်စက်ရုံနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် မတ် ၁**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံနှင့် အရာထမ်း၊ အမှုထမ်း အိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံမှူးက ရေကူးအသံလွှင့်စက်ရုံ၌ ရေကူးအသံလွှင့်စက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)၏ အသံလွှင့်စက်ခန်းများ၊ ပင်မအစီအစဉ်ထုတ်လွှင့်နေသော MW၊ SW လွှင့်စက်များ၊ စက်ရုံအတွင်း မီးဘေးလုံခြုံရေးနှင့် လုံခြုံရေး အစီအမံထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရန်အတွက် ဂရုပြုဆောင်ရွက်ရန်၊ ထုတ်လွှင့်မှုမပြတ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ အသံလွှင့်စက်ရုံဝင်းအတွင်း စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်နှင့် စက်ရုံ၏ မီးဘေးလုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။

**မှာကြား**

ထို့နောက် အသံလွှင့်စက်ခန်းများ၊ မီးဘေးလုံခြုံရေးပစ္စည်းများ ထားရှိမှု၊ မီးသတ်ရေကန်၊ စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ် ကာကွယ်ရေးဖြစ်သည့် မီးတားလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ရေကူးအသံလွှင့်စက်ရုံရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ စည်လုံးညီညွတ်စွာနေထိုင်ရေး၊ အိမ်ရာသန့်ရှင်းရေး မပြတ်ဆောင်ရွက်ရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုရေး မှာကြားသည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရိပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ စာဆိုဗိမာန်သုံးထပ် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် အခန်းများ စုဖွဲ့မှု၊ ပစ္စည်းများ ခင်းကျင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဘုရင့်နောင်ဈေး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေးမီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသခြင်းကို မတ် ၁ ရက်က ဆောင်ရွက်စဉ်။ ဇော်ကိုကို(တောင်ငူ)

# ဇမ္ဗူသီရိမြို့နယ်၌ အမျိုးသမီးနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ဇမ္ဗူသီရိ မတ် ၁**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လယ်ဝေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ဇမ္ဗူသီရိမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များအား ပတ်ဝန်းကျင်



ထိန်းသိမ်းရေးတွင် အမျိုးသမီး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပသည်။

**အသိပညာပေးဟောပြော**

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် လယ်ဝေးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေသွယ်က အမျိုးသမီးနှင့် သဘာဝပတ်ဝန်းကျင်၊ စုပေါင်းကာကွယ်မီးခိုးမြူငွေ့အန္တရာယ်၊ $PM_{2.5}$ အန္တရာယ်အကြောင်းတို့ကို အကျယ်တဝင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ တိုင်းဒေသကြီး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက်က ပုဂ္ဂလိကဆေးရုံ ဆေးခန်းများ မီးဘေးလုံခြုံရေးစစ်ဆေး အသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများကို ကွင်းဆင်းဆောင်ရွက်စဉ်။

နေအောင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးစဉ်။

ဇာနည်ကိုကို(ပြန်/ဆက်)



# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ရွှေသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များနှင့် ရေယာဉ်သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရွှေဘိုမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် စစ်ကိုင်းမြို့နယ် တကောင်းရပ်ကွက် ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် မှံအိုး၁၅ လုံးအပါအဝင် ဆက်စပ်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၉၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၉၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၃ ရက်တို့တွင် မြိတ်မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၄ ဒသမ ၈၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် မြိတ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၄၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တောင်ငူမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပဲခူးမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၅၇၆ တန်၊ သစ်မာ ၁၂ ဒသမ ၇၃၈ တန်၊ အခြားသစ် ၂ ဒသမ ၇၀၈ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၇၀၉၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ

**စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။**

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၂၀ ရက်တို့တွင် အောင်မြေသာစံမြို့နယ် အမရဌာနီအနောက်ရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ၄၅ ပေါင်ဝင် မီးသွေးအိတ် ၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀)နှင့် အဆိုပါ မီးသွေးများတင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ တံတားဦးမြို့နယ် BOC ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်အခြားသစ် သုည ဒသမ ၆၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၀၈၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Toyota Toyoace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၅၃၀၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မော်လမြိုင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၅ ရက်တို့တွင် အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက် ကံထူးဆိပ်ကမ်း၌ ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၃၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် ကြယ်စင်လမင်း-၇ ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မရမ်းကုန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၈၄၆ တန်၊ အခြားသစ် သုည ဒသမ ၇၁၃ တန် (ခန့်မှန်း တန်ဖိုးငွေ၇၃၀၀၆၈ ကျပ်)နှင့် လိုင်စင်ရှိသစ်တင်ယာဉ် I Zone Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ သာကေတမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် ဒလမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးအနီး၌ ၃၆ ပေါင်ဝင် မီးသွေး ၆၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၄၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၀၉၉၈၁၁၄၆၈ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၉ ရက်၊ ၂၀ ရက်၊ ၂၂ ရက်၊ ၂၃ ရက် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၂၅၇၃၆၅၅၀၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# ချောက်မြို့နယ်၌ စက်မှုလုပ်ငန်းသုံးဆီများ အမှန်တကယ်ရရှိမှု၊ သုံးစွဲမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ချောက် မတ် ၁

မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ မြို့နယ်စက်မှုလုပ်ငန်းသုံးဆီကိုယ်စားလှယ် ဦးရဲမြင့် (ပခုက္ကူသား ဆန်၊ ဆီ ရောင်းဝယ်ရေး)တို့က လုပ်ငန်းရှင်များအတွက် ခွဲတမ်းရရှိသည့် စက်မှုလုပ်ငန်းသုံးဆီများ အမှန်တကယ်ရရှိမှု၊ သုံးစွဲမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးမေးမြန်းခြင်းများကို ဖေဖော်ဝါရီ ၂၆ ရက်က ဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ချောက်မြို့ပေါ်ရှိ စားသောက်ကုန်/ စားသောက်ဆိုင်လုပ်ငန်းများ၊ မုန့်ထုတ်လုပ်သူ လုပ်ငန်းရှင်များအား ခွင့်ပြုပေးထားသည့်စက်မှုလုပ်ငန်းသုံးဆီများ အမှန်တကယ်ရရှိမှု၊ သုံးစွဲမှု၊ လုံလောက်မှု ရှိ/မရှိ ကွင်းဆင်းမေးမြန်းခြင်းနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာထည့်သွင်းဖော်ပြခြင်း ရှိ/မရှိ စစ်ဆေးခဲ့ပြီး သတ်မှတ်အရည်အသွေးပြည့်မီသော ကုန်စည်များကိုသာ ရောင်းချရေး၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်ပြန်ထားသောညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များ၊ တားမြစ်ချက်များကို အသိပညာပေးခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြတ်မြတ်မိုး**



ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ရဲအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ဒုရဲအုပ် လွင်မင်းဦး၊ လျှပ်စစ်ဌာနဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ဈေးကော်မတီဝင်များပူးပေါင်း၍ ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက မိုးညိုမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေစုပ်စက်များ၊ လျှပ်စစ်သုံးစွဲမှုနှင့် ရေရရှိမှုတို့ စစ်ဆေးခြင်းနှင့် ဈေးသူ ဈေးသားများအား အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးလက်တွေ့အသုံးပြု၍မီးသတ်လေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဇာမဏီစက်သုံးဆီအရောင်းဆိုင်အား မြို့နယ်မီးသတ်ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ကိုခန့်



ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ သိမ်ကြီးဈေး(ဃ) ရုံနှင့်(င)ရုံများ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ကျောက်တံတားမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထက်နှင့် ပူးပေါင်းအဖွဲ့တို့က ဖေဖော်ဝါရီ ၂၇ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)



ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်အရှေ့ရပ်ကွက် ဈေးကြီးလမ်းပေါ်ရှိ လေဟာပြင်ညဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ သရုပ်ပြဟောပြောခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုလတ်ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်၊ စည်ပင်၊ ဈေးတာဝန်ခံတို့က ဆောင်ရွက်ပေးစဉ်။

သျှင်ဝင်းသျှင်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ရန်ပြေမာန်ပြေဘုရားကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်း၊ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနား တက်ရောက်



**စစ်တွေ မတ် ၁**

စစ်တွေမြို့ ရန်ပြေမာန်ပြေဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း၊ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ သံဃာတော်အရှင်သူမြတ်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်အရှင်သူမြတ်များက ရန်ပြေမာန်ပြေဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ကြသည်။

**ကပြဖျော်ဖြေ**

ထို့နောက် အခမ်းအနားကို သံဃာတော် အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ရတနာသုံးပါးဂုဏ်တော်ကို ပူဇော်တီးခတ်ကြကာ ယဉ်ကျေးမှုယိမ်းအဖွဲ့များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေပူဇော်ကြသည်။

ယင်းနောက် ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်တွေမြို့ ဝိမလဓမ္မနာဒ (ခါတ်လယ်) ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဝဏ္ဏ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အခမ်းအနားတွင် ကပြသီဆို တီးခတ်ဖျော်ဖြေကြသည့် ယိမ်းအကအဖွဲ့များနှင့် ရခိုင်မင်္ဂလာစည်တော်အဖွဲ့တို့အား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၄၉) ကြိမ်မြောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များ တက်ရောက်

**နေပြည်တော် မတ် ၁**

ဖိလစ်ပိုင်နိုင်ငံ အီလိုအီလိုမြို့တွင် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ် အစီအစဉ်များ (Forty–Ninth Meeting of the High–Level Task Force on ASEAN Economic Integration–49th HLTF–EI and Related Events)ကို မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင် (HLTF–EI Lead) ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပသည့် အာဆီယံစီးပွားရေးလုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲသို့တက်ရောက်၍ အာဆီယံဒေသတွင်း လက်ရှိကြုံတွေ့နေရသည့် စီးပွားရေးလုံခြုံမှုဆိုင်ရာ အခက်အခဲများ၊ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ၏ဖွဲ့စည်းမှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုစီးဆင်းစေရေးအတွက် မဟာဗျူဟာမြောက် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံနိုင်ငံများ၏ အတွေ့အကြုံများနှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့တက်ရောက်၍ အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှုဆိုင်ရာ အစီအမံများအပေါ် အကဲဖြတ်ခြင်းနှင့် အာဆီယံတွင် အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှုအတားအဆီးများ ဖယ်ရှားနိုင်ရန်အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အာဆီယံစီးပွားရေးလုံခြုံမှုဆိုင်ရာအချက်အလက်များနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ၊ လက်ရှိဖြစ်ပေါ်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးအခြေအနေများအပေါ် အာဆီယံ၏ဘုံရပ်တည်ချက်သဘောထားများ၊ ၂၀၂၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များအား အတည်ပြုရန် ဆောင်ရွက်မှု၊ အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့၏ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကြံပြုချက်များ၊ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညွှန်းတမ်းအား ပြန်လည်သုံးသပ်ခြင်း၊ အေအီးစီအစည်းအဝေးများ ထိထိရောက်ရောက် ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မှုများ၊ ၂၀၂၅ အလွန် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) စောင့်ကြည့် လေ့လာအကဲဖြတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အာဆီယံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မည့်နယ်ပယ်များနှင့် ၂၀၂၆ ခုနှစ် မတ် ၁၃ ရက်တွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အစည်းအဝေး၌ ဒုတိယဝန်ကြီးက ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အာဆီယံ၏ အချက်အချာကျမှုကို ထိန်းသိမ်းရန်၊ အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အပါအဝင် လုပ်ငန်းစဉ် ၁.၅ အရ ဆောင်ရွက်နေသည့် အကြံပေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန်နှင့် အာဆီယံဒေသတွင်း ဖွဲ့စည်းမှုဆိုင်ရာလုပ်ငန်းစဉ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးမူဝါဒအဖွဲ့မှ ဒုတိယဝန်ကြီး H.E. Allan B. Gepty က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက် ခဲ့သည်။ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံနိုင်ငံများ၏ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များဖြင့် ဖွဲ့စည်းထားပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း၏ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်း၍ အာဆီယံစီးပွားရေးဝန်ကြီးများထံ အကြံပြုချက်များ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အထည်ချုပ်စက်ရုံငါးရုံ၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် ခေတ္တမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇင်သက်ထူးနှင့်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း ဆောင်ရွက်စဉ်။

ကောင်းမြတ်သူ(မှော်ဘီ)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ ဟိုတယ်၊ ဈေးနှင့် ရုံးဌာနတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်စဉ်။ မြင့်မြင့်ရီ





ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့မဈေး၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဟိန်းနှင့် တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး စိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများအား BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နေကြသည့် ကုမ္ပဏီများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု



နေပြည်တော် မတ် ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သာကေတမြို့နယ် မြခွာညိုလမ်းရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများအား BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နေကြသည့် ငွေရည်ပုလဲကုမ္ပဏီ၊ သိန်းထွန်းအောင်ကုမ္ပဏီနှင့် ဒဂုံတောင်ပိုင်းမြို့နယ်ရှိ သီရိမြင့်မြတ်ကုမ္ပဏီတို့ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးနှင့် မီးဘေးကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသန ဗဟိုဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆင်းရွှေကြာ(၂) မျိုးမြှင့်တင်ခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အသုံးချနည်းပညာဆိုင်ရာ သုတေသနများအပါအဝင် တောင်သူများအတွက် တိုက်ရိုက်အကျိုးရှိစေမည့် သုတေသနလုပ်ငန်းများကို ဦးစားပေးအလိုက် တိုးမြှင့်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန လေးထောင့်ကန် ငါးလုပ်ငန်းစခန်း၌ ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များဖြစ်သည့် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ရေချိုငါးမုတ်နှင့် ငါးတန် သုတေသနပြုသားဖောက်နေမှု၊ ဆေးထိုးသားဖောက်ရာသီတွင် ငါးဆေးထိုးသားဖောက်သင်တန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ငါးမျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူး ထုတ်လုပ်ကြရန်၊ ငါးသားပေါက်များနှင့် မွေးမြူနည်းစနစ်များကို ငါးမွေးမြူသူများထံသို့ ဖြန့်ဖြူးပေးကြရန်နှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားအောင် လေ့ကျင့်ပေးပြီး စခန်း၏ ငါးသားပေါက်နှင့် ဝင်ငွေလျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သူစက်မှုဇုန် ၄ ရှိ မြင့်မြတ်အားမာန်ငါးလုပ်ငန်းကုမ္ပဏီ ရေချိုရေငန်ငါး ပြင်ပအပ်ကုန်များအား လက်ခံဆောင်ရွက်ပေးနေမှု၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ တင်ပို့နေမှုနှင့် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁)ရှိ HELIANTHUS TRADING CO.,LTD. ၌ မွေးမြူထွက်ရှိသော ကဏန်းပျော့များကို ပြုပြင်ထုတ်လုပ်လျက် HACCP စနစ်နှင့်အညီ အမေရိကန်၊ ဩစတေးလျ၊ တရုတ်အစရှိသော နိုင်ငံများသို့ တင်ပို့နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ



ဘားအံ မတ် ၁

ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားရုံး၊ ခရိုင်တရားရုံးများ၏ (၃၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က ကရင်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်းက ပြည်ထောင်စု တရားသူကြီးချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ခင်ပြုံးရီက (၃၀)ကြိမ်မြောက် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန် ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာ မှာကြားချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေယံအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့ဈေးနှင့် မြို့မဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်းရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်းနှင့် ဓာတ်အားစနစ်ပြတ်တောက်မှု (Line Fault and System Breakdown) မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး အဆိုပါဓာတ်အားအတွက် ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက်အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ်မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံးအမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက်သတ်မှတ်နှုန်း)ဖြင့် ပြင်ဆင်ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထားသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား** | | |
| | [နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း(အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/ သာသနာအဆောက်အအုံ] **မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၁ မှ ၅၀ ယူနစ်အထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်အထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်အထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့် အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား** | | |
| | [စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ] | ၁ မှ ၅,၀၀၀ ယူနစ်အထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်အထိ | ၄၀၀ |
| | **မှတ်ချက်။**<br>**(၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။**<br>**(၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုနိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက်မှု ( Load Shed) ရှိနိုင်ပါသည်။**<br>**(၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု / စီးပွားရေးလုပ်ငန်းများက ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။** | ၂၀,၀၀၁ယူနစ်နှင့်အထက် | ၅၀၀ |
| (ဂ) | **သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အားဖြတ်တောက်မှုမရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စက်မှု / စီးပွားရေးလုပ်ငန်းများ အမျိုးအစား** | ၁ ယူနစ်နှင့်အထက် | ၉၀၀ |

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# သတိပြုစရာ မတ်ပဲ၊ ပဲတီစိမ်း မြစ်ဆွေးမြစ်ခြောက် (ခေါ်) မြစ်ခြောက်ဆွေးရောဂါ

ဒေါက်တာဝင်းသန်း (DOA)

မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများတွင် အထွက်နှုန်းကို ထိခိုက်စေသော အဓိကရောဂါများတွင်အပါအဝင်ဖြစ်သည့် မြစ်ဆွေးမြစ်ခြောက်ရောဂါသည် တောင်သူများက သတိထားကာကွယ်နှိမ်နင်းရန်လိုအပ်သည့် မှိုရောဂါတစ်ခုဖြစ်သည်။ ပဲစိုက်တောင်သူများ၏ စိုက်ခင်းအတွင်း ငယ်စဉ်မှစတင်၍ ပန်းပွင့်ချိန်၊ အသီးဖြစ်ထွန်းချိန်များအထိ အပင်များ အကွက်လိုက်သေခြင်း၊ အပင်များ ညှိုးခြောက်ခြင်းများကြောင့် အထွက်နှုန်းထိခိုက်စေပြီး တချို့နေရာများတွင် ဤရောဂါကြောင့် စိုက်ပျိုး၍မရနိုင်အောင် ဖြစ်ပေါ်စေပါသည်။





အပင်ငယ်စဉ်မှ အသီးအပွင့်များ ဖြစ်ပေါ်ချိန်အထိ ရောဂါဖြစ်စေသော Rhizoctonia solani နှင့် Rhizoctonia bataticola မှိုများက စိုက်ခင်းအတွင်း ပင်ကြွင်း၊ ပင်ကျန်များနှင့် မြေကြီးထဲတွင် ခိုအောင်းနေထိုင်နိုင်ပြီး မြေဆောင်ရောဂါ၊ မျိုးစေ့ဆောင်ရောဂါများ ဖြစ်စေသည့်အပြင် သီးနှံပင်ကို ရောဂါဝင်ရောက်ပြီးပါက မှိုစပိုးများသည် လေထဲမှတစ်ဆင့် ပျံ့နှံ့ကူးစက်၍လည်း ရောဂါဖြစ်စေနိုင်ပါသည်။

မြေတွင်းအစိုဓာတ်ရရှိချိန် အပင်ငယ်စဉ်တွင် စိုက်ခင်းအတွင်းရှိ စပါးပင်ကြွင်း၊ ပင်ကျန်များနှင့် မြေကြီးထဲတွင် ခိုအောင်းနေထိုင်သည့် ရောဂါဖြစ်စေသော သက်ရှိ(Pathogen)ဖြစ်သည့် *Rhizoctonia solani* မှိုသည် လုံလောက်သော အစိုဓာတ်ရရှိချိန်၌ ပေါက်ပွားမှုအားကောင်းပြီး ပဲပင်အမြစ်နှင့် မြေပြင်နှင့်ကပ်လျက် အပင်ခြေရင်းကို တိုက်ခိုက်သောကြောင့် အပင်သည် ခါးရိ(Damping off)ရောဂါဖြစ်ကာ တောင့်တင်းခိုင်မာမှုမရှိဘဲ မြေပေါ်သို့ ကွေးညွတ်ကျလာခြင်း၊ အပင်ညှိုးခြင်းများဖြစ်ပေါ်စေပါသည်။ တစ်ခါတစ်ရံ မျိုးစေ့ဘဝတွင် တိုက်ခိုက်ခံရမှုကြောင့် မျိုးစေ့ပုပ် (Seed Rot) ရောဂါဖြစ်သွားပြီး အပင်ပေါက်နိုင်ခြင်းမရှိဘဲ ပုပ်သွားပါသည်။

မြစ်ဆွေးမြစ်ခြောက်ရောဂါဖြစ်စေသည့် Rhizoctonia bataticola (ခေါ်) Macrophomina phaseolina မှိုသည် အပင်ငယ်စဉ်မှအပင်ကြီးအထိ ကျရောက်နိုင်သော်လည်း အပင်ကြီးဖြစ်ထွန်းလာချိန်ဖြစ်သည့် ပန်းပွင့်ချိန်နှင့် အသီးစတင်ဖြစ်ပေါ်ချိန်များတွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပြီး အပူချိန်အားဖြင့် (၃၀-၃၅) ဒီဂရီစင်တီဂရိတ်နှင့် မြေတွင်းအပူချိန်မြင့်တက်ချိန်၊ မြေတွင်းအစိုဓာတ်နည်းလာချိန်နှင့်ဆုံတွေ့ပါက ရောဂါကို ပိုမိုပြင်းထန်စေပါသည်။

### ရောဂါလက္ခဏာ

ရောဂါလက္ခဏာအားဖြင့် မြေပြင်နှင့် ကပ်လျက်ရှိသော ပင်စည်အစိတ်အပိုင်းများတွင် နီညိုရောင်အနာကွက်များ ဖြစ်ပေါ်သည်။ အပင်၏အောက်ရွက်များသည် အဝါရောင်ပြောင်းလဲလာပြီး နောက်ပိုင်းတွင် အရွက်များ ညှိုးကျလာကာ ကြွေကျသွားတတ်သည်။ နီညိုရောင် အနာကွက်များသည် တဖြည်းဖြည်း အမည်းရောင်ပြောင်းလာပြီး ပဲပင်များ ရုတ်တရက်ညှိုးခြင်းနှင့် အပင်သေခြင်းများ ဖြစ်လာသည်။ ရောဂါစတင်ဖြစ်သော အပင်နှင့်ကပ်လျက်အပင်များပါ ရောဂါကူးစက်သဖြင့် အကွက်လိုက်သေနေသောပုံစံများကို စိုက်ခင်းအတွင်း တွေ့နိုင်ပါသည်။

ရောဂါရအပင်၏ မြေပြင်နှင့်ကပ်လျက် ပင်စည်အခေါက်များကွဲနေပြီး အမြစ်များသည် ပုပ်ဆွေးနေသဖြင့် အလွယ်တကူ ဆွဲနုတ်နိုင်ပါသည်။ အဆိုပါအပင်၏ ပင်စည်နှင့်အမြစ်များတွင် စကလိုးရှား (Sclerotia) ဟုခေါ်သည့် အနက်ရောင်မှိုစ ပိုးအလုံးလေးများကို တွေ့နိုင်ပါသည်။ ပင်စည်ခြေရင်းပိုင်းသည် ခြောက်၍အက်ကွဲနေပါက အတွင်းပိုင်းတွင် အဖြူရောင်မှိုမျှင်များကို တွေ့နိုင်သည်။

ရောဂါဖြစ်စေသော သက်ရှိမှိုသည် ရောဂါရအပင် အကြွင်းအကျန်များထဲတွင် နေနိုင်သကဲ့သို့ မြေကြီးထဲ၌လည်း ရှင်သန်နေထိုင်ကြသည်။ အထူးသဖြင့် စကလိုးရှားများသည် မြေကြီးထဲတွင် နှစ်ပေါင်းများစွာ (၁၅ နှစ်ခန့်အထိ) အသက်ရှင်နေထိုင်နိုင်ပါသည်။ မြေကြီးထဲတွင် ရောက်ရှိနေသော စကလိုးရှားများက နောက်သီးနှံစိုက်ပျိုးချိန်၌ ၎င်းတို့ကြိုက်နှစ်သက်သော ရာသီဥတုအခြေအနေရရှိပါက အညှောက်ပေါက်ပြီး မှိုမျှင်များဖြစ်လာကာ အပင်အမြစ်နှင့် မြေပြင်နှင့်ကပ်လျက် ပင်စည်အပိုင်းများကိုတိုက်ခိုက်၍ ရောဂါဖြစ်စေပါသည်။ ၎င်းမှို၏ လက်ခံပင်ဖြစ်သော သီးနှံများအား ဆက်တိုက်စိုက်ပျိုးပါက ရောဂါသံသရာလည်နေမည်သာဖြစ်ပြီး ရောဂါများလည်း ဆိုးရွားစွာကျရောက်နေမည်ဖြစ်ပါသည်။ မိမိစိုက်ခင်းထဲ ရောက်ပြီးပါက အမြစ်ပြတ်သုတ်သင်ရန် ခက်ခဲသော မြေဆောင်မှိုများဖြစ်ပါသည်။

ရောဂါရအပင်၏ မြေပြင်နှင့်ကပ်လျက် ပင်စည်အခေါက်များကွဲနေပြီး အမြစ်များသည် ပုပ်ဆွေးနေသဖြင့် အလွယ်တကူ ဆွဲနုတ်နိုင်ပါသည်။ အဆိုပါအပင်၏ ပင်စည်နှင့် အမြစ်များတွင် စကလိုးရှား (Sclerotia) ဟုခေါ်သည့် အနက်ရောင်မှိုစ ပိုးအလုံးလေးများကို တွေ့နိုင်ပါသည်။ ပင်စည်ခြေရင်းပိုင်းသည် ခြောက်၍အက်ကွဲနေပါက အတွင်းပိုင်းတွင် အဖြူရောင်မှိုမျှင်များကို တွေ့နိုင်

အပင်တွင် ရောဂါဝင်ရောက်ပြီးမှ ကုသမည်ဆိုပါက အောင်မြင်မှုနည်း၍ ငွေကြေးကုန်ကျမှုများနိုင်ပါသည်။ အဓိကအားဖြင့် ရောဂါဖြစ်မှ ကုသခြင်းထက် ရောဂါမဖြစ်စေရန် ကြိုတင်ဆောင်ရွက်ရမည့် အချက်များအား လိုက်နာဆောင်ရွက်ပါက ရောဂါဖြစ်သော်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်စေပါမည်။ ရောဂါရှိပြီးသား စိုက်ခင်းများတွင် ရောဂါဖြစ်စေသော မှို၏သံသရာကိုဖြတ်ပစ်ရန် လိုအပ်ပါသည်။ အထူးအားဖြင့် တောင်သူများ စပါးပြီး ပဲတီစိမ်း၊ စပါးပြီး မတ်ပဲ စိုက်ပျိုးနေသော သီးနှံပုံစံအား ပြောင်းလဲရန် အထူးလိုအပ်သည်။

ဓာတုမှိုသတ်ဆေးများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းတစ်မျိုးတည်းဖြင့် ရောဂါအား ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်မဟုတ်ဘဲ ဘက်စုံသီးနှံကာကွယ်ရေးစနစ်အား လိုက်နာဆောင်ရွက်၍ ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံအသုံးပြုပြီး ရောဂါဖြစ်စေသော သက်ရှိမှိုများကို လျော့ကျအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### ဘက်စုံသီးနှံကာကွယ်ရေး နည်းလမ်းများ

- ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးကို စိုက်ပျိုးပါ။
- မျိုးစေ့ဆောင်ရောဂါများဖြစ်သည့်အတွက် ရောဂါကင်းသည့် မျိုးစေ့များကိုသာ စိုက်ပျိုးပါ။
- မျိုးစေ့များအား မျိုးစေ့လူးနယ်မှိုသတ်ဆေး တစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။
- ရောဂါရသည့် ပင်ကြွင်းပင်ကျန်များကို ဖျက်ဆီးပစ်ပါ။
- နွေထယ်ရေးခံပါ။
- တောင်သူများအနေဖြင့် အစိုဓာတ်ကိုလှု၍ နောက်သီးနှံပဲကို အချိန်မီစိုက်ပျိုးနေသဖြင့် ဤရောဂါသံသရာသည် ပြတ်တောက်သွားခြင်း၊ လျော့နည်းသွားခြင်းမရှိပါ။ စိုက်ခင်းမြေအား ထယ်ထိုးပြီး ထယ်လှန်ထားပါက မြေကြီးထဲတွင် ရှိနေသော မြစ်ဆွေးမြစ်ခြောက်ဖြစ်စေသော မှို၏ စကလိုးရှားမှိုလုံးလေးများသည် မြေပြင်ပေါ်ရောက်လာပြီး နေ့စဉ်နေရောင်ခြည်၏အပူချိန်နှင့်ထိတွေ့ကာ သေစေနိုင်သည့်အတွက် ရောဂါဖြစ်စေသော သက်ရှိမှိုအရေအတွက်အားလျော့ကျစေသဖြင့် အလွန်ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။
- စိုက်ချိန်ကို ချိန်ဆပြီးစိုက်ပျိုးပါ။ (အပူချိန်မြင့်မားသောအချိန်၊ မြေအစိုဓာတ် ခန်းခြောက်သော အခြေအနေမျိုးနှင့် ကြုံဆုံမှုမရှိစေရန် စိုက်ချိန်ကိုညှိပြီး စိုက်ပျိုးပါ။ ဥပမာ- သက်တမ်းတိုသော မျိုး(သို့မဟုတ်)စောစောရင့်မှည့်သောမျိုးကို စိုက်ပျိုးသင့်သည်)။
- အပင်စိပ်စိပ်စိုက်ခြင်းကို ရှောင်ကြဉ်ပါ။ (အပင်ပေါက် ရာခိုင်နှုန်း သေချာစွာစမ်းသပ်ပြီး တစ်ဧက အသုံးပြုရမည့် မျိုးပမာဏအတိုင်းသာ စိုက်ပျိုးသင့်သည်)။
- "ထရိုင်ကိုဒါးမား"မှို ကို မြေပြင်ချိန်မှာ ထောက်ခံနှုန်းထားအတိုင်းထည့်သွင်းပြီးမှ စိုက်ပျိုးပါ။
- အာဟာရဓာတ်ပြည့်စုံအောင်ထည့်သွင်းပါ။ အထူးသဖြင့် ပိုတက်ရှ်မြေဩဇာကို သတ်မှတ်နှုန်းထားအတိုင်း (မဖြစ်မနေ) ထည့်သွင်းစိုက်ပျိုးပါ။
- ဖြစ်နိုင်ပါက သဘာဝမြေဩဇာ (လေးတန်/ဧက)နှင့် တမာကြိတ်ဖတ် (၆၀ ကီလိုဂရမ်/ဧက) (သို့မဟုတ်) ဇင့်ဆာလဖိတ် (၁၀ ကီလိုဂရမ်/ဧက) နှုန်းအား မြေပြင်ချိန်တွင် ထည့်သွင်းစိုက်ပျိုးပါ။
- စိုက်ခင်းသည် ယခင်နှစ်များက မြစ်ဆွေးမြစ်ခြောက်ရောဂါကျရောက်လေ့ရှိပါက စိုက်ခင်းကိုအမြဲသတိထားစောင့်ကြည့်ပါ။
- အပင်ငယ်စဉ် ခါးရိပြီး အပင်များညှိုးသေမှုများရှိပါက ဗယ်လီဒါမိုင်စင်(Validamycin 5 % SL)အား (၂-၃ စီစီ/ရေတစ်လီတာ)၊ (သို့မဟုတ်) သိုင်အိုဖာနိတ်မီသိုင်း (Thiophanate methyl 70% WP)၊ ပရိုပီကိုနာဇိုး (Propiconazole 25% EC )၊ တက်ဗျူကိုနာဇိုး (Tebuconazole 250 EC) စသော မှိုသတ်ဆေးတစ်မျိုးမျိုးအား အမှုန့်ဖြစ်ပါက (၁-၂ ဂရမ် /ရေတစ်လီတာ)၊ အရည်ဖြစ်ပါက (၁-၂ စီစီ/ရေ တစ်လီတာ) သို့မဟုတ် မှိုသတ်ဆေးအညွှန်းပါ ထောက်ခံနှုန်းထားအတိုင်း အပင်ခြေရင်းအား ရွှဲရွဲပက်ဖျန်းပေးပါ။
- အပင်ကြီးဖြစ်ချိန် မြစ်ဆွေးမြစ်ခြောက်ရောဂါ လက္ခဏာစတင်တွေ့ရှိပါက တက်ဗျူကိုနာဇိုး+ ထရိုင်ဖလောက်ဆီစထရိုဘင် (Tebuconazole 50% + Trifloxystrobin 25% WG)၊ သိုင်အိုဖာနိတ်မီသိုင်း (Thiophanate methyl 70% WP)၊ ပရိုပီကိုနာဇိုး (Propiconazole 25% EC )၊ တက်ဗျူကိုနာဇိုး (Tebuconazole 250 EC) စသော မှိုသတ်ဆေးတစ်မျိုးမျိုးအား အမှုန့်ဖြစ်ပါက (၁-၂ ဂရမ်/ရေ တစ်လီတာ)၊ အရည်ဖြစ်ပါက (၁-၂ စီစီ/ရေ တစ်လီတာ) သို့မဟုတ် မှိုသတ်ဆေးအညွှန်းပါထောက်ခံနှုန်းထားအတိုင်း အပင်ခြေရင်းအား ရွှဲရွှဲပက်ဖျန်းပေးပါ။
- စိုက်ခင်းတွင် မြစ်ဆွေးမြစ်ခြောက်ရောဂါ နှစ်စဉ်ဆက်တိုက်ဆိုးရွားစွာကျရောက်ပါက ပဲမျိုးရင်းဝင်မဟုတ်သော အခြားသီးနှံများ (ဟင်းသီးဟင်းရွက်၊ နှံစားပြောင်း၊ ဂျုံ)နှင့် သီးလှည့် (၃-၄) နှစ်ခန့်စိုက်ပျိုးပါ။

မတ်ပဲ၊ ပဲတီစိမ်းစိုက်တောင်သူများ သီးနှံရောဂါများ ကာကွယ်နှိမ်နင်းနိုင်ပြီး မျှော်မှန်းအထွက်နှုန်းရရှိအောင် ကြိုးစားဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်း၍ ဆောင်းပါးကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် Beyond The Expectation Workshop အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာန တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် Beyond The Expectation Workshop အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက်ရှိ တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး Reception Area တွင် ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက Beyond The Expectation Workshop နှင့် ပတ်သက်ပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အေးမွန်မွန်ကျော်က Impact of MMR and Child Mortality in our expectation ခေါင်းစဉ်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် သားဖွားမီးယပ်ပညာဌာန ပါမောက္ခ/ဌာနမှူးဒေါက်တာ စန္ဒာစောက Rational Use of LSCS in Pregnancy ခေါင်းစဉ်၊ လှိုင်သာယာ ပြည်သူ့ဆေးရုံကြီးမှ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာတိုးတိုးအောင်က Essential Practice in Normal Labour Care ခေါင်းစဉ်၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ မေ့ဆေးအထူးကုဆရာဝန် ဒေါက်တာဖြိုးဝေညွန့်က Safe Anesthesia during expectation ခေါင်းစဉ်၊ သန်လျင် ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန် ဒေါက်တာ ကျော်ဇင်ထက်က How to expect your baby after expectation ခေါင်းစဉ်၊ ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ကျော်ဇင်ထွန်းက Medical Emergency during expectation ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



# နမ့်စန်မြို့ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်

နမ့်စန် မတ် ၁

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် လှိုင်လင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်သူ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် နမ့်စန်မြို့နယ်အတွင်းရှိ ပြည်သူများ၏ရောဂါဝေဒနာများအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခြင်းကို ယမန်နေ့နံနက်ပိုင်းမှစတင်၍ နမ့်စန်မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်သည်။

လှိုင်လင်ခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်သူ ဦးဆောင်၍ အထွေထွေရောဂါအထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ အထူးကုဆရာဝန်ကြီး(ခါတ်မှန်)၊ အရိုးအထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်ကြီး၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်နှင့် သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီးတို့ပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့သည် ရပ်ကွက်နှင့်ကျေးရွာများအတွင်းရှိ ပြည်သူများအား အခမဲ့ရောဂါရှာဖွေစမ်းသပ်စစ်ဆေး၍ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာ နမ့်စန်မြို့နယ်အတွင်းရှိ ရဟန်းသံဃာ၊ သီလရှင်နှင့် ပြည်သူ အထွေထွေရောဂါ ၁၇၇ ဦး၊ ခွဲစိတ်လူနာ ၄၄ ဦး၊ သားဖွားမီးယပ် ၁၈ ဦး၊ ကလေး၂၇ ဦး၊ အရိုး ၁၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း ၅၆ ဦးနှင့် သွားနှင့်ခံတွင်း ၃၈ ဦး စုစုပေါင်း ၅၀၇ ဦးအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

# အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး



ရန်ကုန် မတ် ၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Wyndham Grand Yangon Hotel ၌ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆောင်ရွက်သည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် ဗိုလ်တထောင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၆ ဦးတို့ဖြင့် ခရိုင်အဆင့်အထပ်မြင့်အဆောက်အအုံ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးများ ထိန်းသိမ်းကိုင်တွယ်ငြိမ်းသတ်ခြင်းနည်းစနစ်တို့ကို သရုပ်ပြဆောင်ရွက်ရာ ဟိုတယ်မှ ဝန်ထမ်း ၅၀၀ တို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ကဝမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေး

ကဝ မတ် ၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ အသက်(၉)နှစ်ပြည့်ပြီး အသက်(၁၄)နှစ်မကျော်သော ကျောင်းသူများနှင့် ကျောင်းပြင်ပ မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)ထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဆွေဇင်ဝင်း ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၂၅ ရက်က ကျေးရွာအသီးသီးရှိ ကျေးလက်ကျန်းမာရေးဌာနများနှင့် စာသင်ကျောင်းများတွင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ HPV ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင်စတင်ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သားအိမ်ခေါင်းကင်ဆာအားလုံးနီးပါးသည် HPV ပိုးကြောင့် ဖြစ်ပွားကြောင်း၊ အသက်(၉)နှစ်ပြည့်ပြီး (၁၄)နှစ်မကျော်သော အမျိုးသမီးငယ်များအား HPV ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် (Human Papilloma Virus ) ဟုခေါ်သည့် HPV ပိုးကြောင့်ဖြစ်တတ်သော သားအိမ်ခေါင်းကင်ဆာနှင့် မျိုးပွားလမ်းကြောင်းတွင် ဖြစ်ပွားတတ်သည့်ကင်ဆာရောဂါများကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။



**ရဲဇော်ဟိန်း(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကျောင်းများဖြစ်သော အထက(၁)၊ အထက(၂)၊ အထက(၃) တို့တွင် မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်း ဦးဆောင်သော သန္တေတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၆ ရက်တွင် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။

ကိုပိုင်



ဖျာပုံခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ ဒေးဒရဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် တာဝန်ရှိသူများက မတ် ၁ ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့ မြို့မဈေးအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။

မင်းထက်သာ

သရက်မြို့ မြို့မအကျဉ်းထောင်တွင် မတ် ၁ ရက်က မြို့မအကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။

ကောင်းစစ်နိုင်





ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေး၌ ဖေဖော်ဝါရီ ၂၇ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဌေးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ ဈေးတာဝန်ခံတစ်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာရှိ နှစ်ဦး၊ ဈေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညောင်လေးပင်မြို့ မြို့မဈေး မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။

ခင်မောင်လွင်(ညောင်လေးပင်)

# ဟိန္ဒူဘာသာဝင်များ၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ဟိုလီပွဲတော် ကျင်းပ



ရန်ကုန် မတ် ၁

ရောင်စုံပွဲတော်ဟူ၍ လူသိများသော Holi ပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အင်းလျားကန်ဟိုတယ် မြက်ခင်းပြင်၌ကျင်းပရာ အိန္ဒိယနွယ်ဖွား များနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပွဲတော်ကို India – Myanmar Association နှင့် မြန်မာ – အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာ – အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ သီရိပျံချီဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟိန္ဒူဘာသာ ကိုးကွယ်သူများ၏ အထင်ကရပွဲတော် (ရောင်စုံပွဲတော်) သည် နွေဦးရာသီရောက်ရှိခြင်းကို ကြိုဆိုသည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ရောင်စုံမှုန့်များ ပက်ဖျန်းကာ ပျော်ရွှင်စွာကျင်းပသည့် ဟိန္ဒူရိုးရာပွဲတော်ဖြစ်သည်။

SIOEN Myanmar ကုမ္ပဏီ ဒါရိုက်တာ Mr.Manoj Bhardwaj က "ဟိုလီပွဲတော်က မြန်မာနိုင်ငံရဲ့သင်္ကြန်ပွဲတော်နဲ့လည်း ဆင်တူတယ်။ မိမိတို့ရဲ့ဘာသာမှာလည်း ဒီလိုသင်္ကြန်နဲ့ ဆင်တူတဲ့ပွဲတော်မျိုးရှိတယ်ဆိုတာ သိစေချင်တာရယ်၊ မြန်မာနဲ့ အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပပေးခဲ့တာ အခုနှစ်ဆိုရင် ၁၀ နှစ်ကျော်ရှိပါပြီ" ဟု ပြောသည်။

အဆိုပါပွဲတော်သို့ ပါဝင်ဆင်နွှဲကြသူများက ရောင်စုံမှုန့်များ၊ ရေများဖြင့် တစ်ဦးကိုတစ်ဦး ပက်ဖျန်းကြပြီး ကခုန်ပျော်ရွှင်စွာ ကစားကြသည်။

ယင်းပွဲတော်ကို နှစ်စဉ်မတ်လအတွင်း ကျင်းပလေ့ရှိကြောင်း သိရသည်။

သတင်းစဉ်



## အုတ်ဖိုမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော

အုတ်ဖို မတ် ၁

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် သစ်တောဦးစီးဌာနက ဒီးဒူးပင်ကျေးရွာ ဓမ္မာရုံ၌ ယမန်နေ့က သစ်တောထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ အုတ်ဖိုမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငွေစိုးက သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ တောင်ယာခုတ်ထွင်မီးရှို့မှုများ မပြုလုပ်ရေးအကြောင်းအရာများကို အသိပညာပေးဟောပြောပြီး တောအုပ်ကြီးဦးစောမောင်ထွန်းက မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသောအကြောင်းအရာများ၊ ပျက်စီးဆုံးရှုံးမှုကိုကာကွယ်ရန် နည်းလမ်းများအကြောင်း ဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာသည့် ဒေသခံပြည်သူများက သိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်သူ(အုတ်ဖို)

## မင်းလှမြို့နယ်၌ တော်တမံ - ပျဉ်ထောင်တွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မင်းလှ မတ် ၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်သည့် တော်တမံ– ပျဉ်ထောင်တွင်းလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင်နှင့် မင်းလှမြို့နယ်တို့မှ တာဝန်ရှိသူများနှင့်အတူ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်သည့် တော်တမံ – ပျဉ်ထောင်တွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျိုက်မရောမြို့နယ်၌ ယဉ်ကျေးလိမ္မာနှင့် အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်



ကျိုက်မရော မတ် ၁

ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းသားသမီးများအား နွေရာသီယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို မတ် ၁ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကျိုက်မရောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးက နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား ကျောင်းသူများအား အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ တစ်လကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ကျိုက်မရော(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက အုတ်တွင်းမြို့နယ်နှင့် ကျွဲပွဲမြို့ မြို့မဈေးကြီးအတွင်းသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတိပြုစေရေးလိုက်လံနှိုးဆော်ခြင်းနှင့်မီးဘေးစစ်ဆေးခြင်းများဆောင်ရွက်စဉ်။ခင်ခင်မာ(ပြန်/ဆက်)



ရွှေပြည်သာမြို့နယ်ရှိဈေးများ၊ စက်ရုံများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးသွင်ယုနိုင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၈ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် စက်ရုံဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မီးသတ်ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးမှူးဦးမင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၊ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ငပုတောမြို့ မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံစစ်ဆေးစဉ်။ အောင်သူ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ဈေးဆိုင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။ သက်လွင်စိုး(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station – (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိ သောအမှုန် အမွှားများ | ဆာလ ဖာဒိုင် အောက် ဆိုက် | နိုက် ထရိုဂျင် ဒိုင် အောက် ဆိုက် | အိုဇုန်း | ကာ ဗွန် မို နောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်စကားဝိုင်း ကျင်းပ

**ရန်ကုန် မတ် ၁**

ရန်ကုန် တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ်၌ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်စကားဝိုင်းကို ဖေဖော်ဝါရီ ၂၇ ရက်တွင် လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ကျင်းပသည်။

ဦးစွာ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် စကားဝိုင်းကို



စတင်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အနောက်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံး ခရိုင်ဦးစီးမှူး ဒေါ်ခင်ယုဒါရီ၊ ဗဟန်းမြို့မရဲစခန်းမှ ဒုတိယရဲအုပ် ဒေါ်နဒီထူး၊ ဗဟန်းမြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ကေခိုင်ဇင်၊ ဗဟန်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့မှ အတွင်းရေးမှူး ဒေါ်နီလာမြင့်တို့က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ၊ အမျိုးသမီးများ၏ အခွင့်အရေး၊ အမျိုးသမီးများ၏ အကြမ်းဖက်ခံရမှုပပျောက်ရေး၊ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ယနေ့ခေတ်လူငယ်အမျိုးသမီးများ အခန်းကဏ္ဍနှင့် ဦးဆောင်မှုစွမ်းရည်၊ လူငယ်အမျိုးသမီးများ ရင်ဆိုင်နေရသော စိန်ခေါ်မှုနှင့် ဖြေရှင်းနည်းများ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ **အောင်မြင့်(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ် ရှင်မြို့ကျေးရွာ၌ အောင်ရတနာ သံကူကွန်ကရစ်တံတားသစ်ဖွင့်

**မိတ္ထီလာ မတ် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှင်မြို့ကျေးရွာ၌ အောင်ရတနာသံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ကျင်းပသည်။

တံတားသစ်ကို တံတားဖြစ်မြောက်ရေးကော်မတီဝင် ခါးကော့ကျေးရွာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာနေယျ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြသွင် (ခ)ဦးမြင့်စန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဒေါ်ဖြိုးဘိုဘိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားသစ်မှာ အရှည် ၆၂ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၆ ပေရှိသည်။ ယခင်တံတားဟောင်းမှာ မန္တလေးလျှောင်ကြီးဒဏ်ဖြင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် အလှူရှင်များထည့်ဝင်ငွေကျပ် သိန်း ၃၇၀ ကျော်ဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ( မိတ္ထီလာ)



မြန်အောင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲအောင်၏ စီမံမှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးနိုင်ရဲထွေး ဦးဆောင်၍ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၇ ရက်တွင် မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနကျောင်းများအား မီးလောင်မှု / မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် စစ်ဆေးဆောင်ရွက်စဉ်။ စူပါဦး

မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် မီးဘေးလုံခြုံရေးအသိပညာပေးဆောင်ရွက်ရာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်နှင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းမင်းဦးက လျှပ်စစ်နှင့်မီးဘေးအန္တရာယ် အကြောင်းပြောကြားကာ ကျောင်းသား ကျောင်းသူများက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်စဉ်။ မောင်ခိုင်မင်း(ပြန်/ဆက်)



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ပုသိမ်ကြီး မတ် ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်သမဝါယမ အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးသိန်းလွင်ဦးက အမှာစကားပြောကြားပြီး ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အကျိုးငွေခွဲဝေမှုစာရင်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားတင်သွင်းကာ သဘာပတိက ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုသည်။

ထို့နောက် အသင်းဝင်များ၏ အစုပေါ်အမြတ်များ၊ အသင်းဝင်မိသားစုဝင်များ၏ ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ဇာနည်ကိုကို(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ပံဆိုလာစနစ်သုံး ရေတင်လုပ်ငန်းစီမံကိန်းဖွင့်ပွဲ ကျင်းပ



ရန်ကုန် မတ် ၁

(၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ပံဆိုလာစနစ်သုံး ရေတင်လုပ်ငန်းစီမံကိန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်လက်ပံကျေးရွာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

**ပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်ချပ်တွဲ အနိမ့်တင်ဆိုလာပန့် အစုံ ၃၀ ကို လှည်းကူးမြို့နယ်မှ တောင်သူများနှင့် တာဝန်ရှိသူများထံ လည်းကောင်း၊ နောင်ရိုးကုမ္ပဏီမှ တာဝန်ရှိသူက တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံ လက်ပံရေတင်လုပ်ငန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ပေးအပ်ကြပြီး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ လှည်းကူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ပံဆိုလာစနစ်သုံး ရေတင်လုပ်ငန်းစီမံကိန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ပံဆိုလာစနစ်သုံး ရေတင်လုပ်ငန်းစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ရန်ကုန်မြို့ပြည်လမ်းရှိ ပြင်သူ့ရင်ပြင်၌ ကျင်းပလျက်ရှိသည့် မြန်မာနိုင်ငံ၌ အကြီးကျယ်အခမ်းနားဆုံး အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ နောက်ဆုံးနေ့ ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲယှဉ်ပြိုင်မှုအတွက် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မြန်မာနိုင်ငံ၌ အကြီးကျယ် အခမ်းနားဆုံး အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး မူလတန်းအဆင့်အတွက် အာကာသသူရဲကောင်း၊ အခြေခံပညာအလယ်တန်းဆင့်အတွက် စူးစမ်းလေ့လာ အာကာသကမ္ဘာနှင့် အခြေခံပညာအထက်တန်းအဆင့်အတွက် အနာဂတ်အာကာသနည်းပညာ ခေါင်းစဉ်များဖြင့် ကျင်းပသည့် ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူ ၆၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲဝင်လက်ရာများထဲမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု ၁၀ ဆုအပြင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတိုင်းကို အသိအမှတ်ပြု လက်မှတ်နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## အောင်လံမြို့နယ်၌ နွေစပါးစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဘွက်ကြီးဆည်မှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိ

အောင်လံ မတ် ၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးတောင်သူများ စိုက်ပျိုးရေ အဆင်ပြေစွာရရှိစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဘွက်ကြီးရေလှောင်တမံမှ စိုက်ပျိုးရေကို ယနေ့မှစတင်ကာ စနစ်တကျ ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါ ဘွက်ကြီးရေလှောင်တမံမှ အောင်လံမြို့နယ်၊ ဒါးဒေါင်း၊ ဇေယျ၊ လောင်းမ၊ တင်းတောစသည့် ကျေးရွာအုပ်စုများရှိ လယ်ယာမြေများသို့ နွေစပါးစိုက်ပျိုးရန်အတွက် စုစုပေါင်း ဧက ၉၅၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။ ယင်းသို့ စိုက်ပျိုးရေပေးဝေရာတွင် တောင်သူများ စိုက်ပျိုးရေ အဆင်ပြေချောမွေ့စွာ ရရှိနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

အောင်လံမြို့နယ်အတွင်းရှိ ဘွက်ကြီးရေလှောင်တမံသည် ဒေသတွင်း စိုက်ပျိုးရေးအတွက် အဓိကအားထားရသော ရေအရင်းအမြစ်တစ်ခုဖြစ်ပြီး ယခုကဲ့သို့ စိုက်ပျိုးရေစနစ်တကျ ပေးဝေနိုင်ခြင်းကြောင့် တောင်သူများအနေဖြင့် နွေစပါးများကို စိတ်အေးချမ်းသာစွာ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

## သာယာဝတီမြို့နယ် သုံးဆယ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေများ အဆင်ပြေစွာ ရေပေးဝေလျက်ရှိ



နေပြည်တော် မတ် ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်မှ ဒေသခံတောင်သူများ၏ ယခုနှစ် နွေစပါးစိုက်ရာသီတွင် စိုက်ပျိုးရေပြည့်ဝစွာ ရရှိရေးအတွက် ဒီဇင်ဘာ ၁၅ ရက်မှစ၍ သာယာဝတီမြို့နယ်ရှိ သုံးဆယ်ရေလှောင်တမံမှ စိုက်ခင်းများသို့ ဆည်ရေများ ပေးဝေနေပြီဖြစ်ကြောင်းနှင့် သုံးဆယ်ရေလှောင်တမံ ၂၀၀၅-၂၀၀၆ ခုနှစ်မှစ၍ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ်ထိ နွေစပါး ရေပေးဝေလာသည်မှာ ၂၁ နှစ်တိုင်တိုင် ရှိခဲ့ပြီ ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၈) မှ သိရသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ သုံးဆယ်ရေလှောင်တမံသည် ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်ကာ နွေစပါး ၁၅၀၈၈ ဧကကို ရေစတင်ပေးဝေခဲ့ပြီး နှစ်စဉ် နွေစပါးစိုက်ဧကများ တိုးချဲ့ရေပေးဝေခဲ့ရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါး ၄၂၀၀၃ ဧကကို ရေပေးဝေနိုင်ခဲ့သည်။ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီတွင်လည်း နွေစပါးလျာထား ၄၂၀၀၃ ဧကကို ရာနှုန်းပြည့်ရေပေးဝေနိုင်ရန်နှင့် ဆည်ရေသောက်စနစ်များ ပိုမိုကောင်းမွန်စေရန်အတွက် တူးမြောင်းများ ပုံစံတကျ ပြုပြင်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် နုန်းဆယ်ခြင်း၊ လိုအပ်သည့် ရေပေး အဆောက်အအုံများ အသင့်အနေအထား ဖြစ်စေရန် ထိန်းသိမ်းပြုပြင်ခြင်း၊ တူးမြောင်းတာပေါင်များ ထပ်ဆင့်မြှင့်တင်ခြင်းနှင့် တူးမြောင်းအတွင်း ပေါင်းပင်၊ ကိုင်းပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ရေပေးရာသီအမီ ပြီးစီးနိုင်ရေးအတွက် လူ၊ စက်အင်အားများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည့်အတွက် ယခုအချိန်တွင် လျာထားနွေစပါးဧကအားလုံး၏ ၉၄ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် လျာထားဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြည်မြို့နယ်၌ စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်



ရေကြည် မတ် ၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအုပ်စု ဆင်းကေရီ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း သမဝါယမအသင်းသို့ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် သတ္တမအကြိမ် စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးခြင်းကို အဆိုပါကျေးရွာ၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်ဝင်းက သွင်းအားစုများ ပံ့ပိုးပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆင်းကေရီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးလှနိုင်စိုးက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းသား ၃၀ ၏နွေစပါးစိုက်ဧက ၂၀၀ အတွက် တစ်ဧကလျှင် ပံ့ပိုးငွေကျပ် ၁၅၀၀၀ နှင့်ညီမျှသည့် သွင်းအားစု ရွှေပင်သန်ပုလဲအိတ် ၁၂၀၊ ၁၅ ပတ်လည် ၁၂၀ အိတ် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၃၀၀ ကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကြံခင်းမြို့နယ် ကွန်ချောင်းရေလှောင်တမံမှ ဆည်ရေများ ပေးဝေလျက်ရှိ

ကြံခင်း မတ် ၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းရေလှောင်တမံမှ ဒေသခံတောင်သူများ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေသောက်စနစ်ရှိ ရေပေးမြောင်းများမှ တစ်ဆင့် လယ်ယာမြေများနှင့် စိုက်ခင်းများသို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ရေပေးဝေလျက်ရှိရာ တောင်သူများစိုက်ပျိုးရေ လုံလောက်စွာရရှိစိုက်ပျိုးလျက်ရှိသည်။

ကွန်ချောင်းရေလှောင်တမံမှ နွေစပါးဧက ၃၄၂၀ နှင့် အခြားသီးနှံ ၁၁၂၆၇ ဧက စုစုပေါင်း ၁၄၆၈၇ ဧကကို စိုက်ပျိုးရေလုံလောက်စွာပေးဝေလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

❖

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ကွဲ့ကော်ရိပ်သာ-၁)၊ မြေကွက်အမှတ်(၉၈)၊ ကွဲ့ကော်ရိပ်သာ-၁(၆)လမ်း၊ အကျယ်အဝန်း(၁၅၃'/၁၅၇'x၁၀၀')၊ (၁၅၅၀၀) စတုရန်းပေ၊ ဧရိယာ(၀.၃၅၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးဆန်းထွန်း**[၁၂/လမန(နိုင်)၁၄၂၈၀၆]အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်သီဂီထွေး** [၁၂/စခန(နိုင်)၀၀၀၁၇၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီဂီထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**

**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ၉-ရပ်ကွက်၊ သရက်လမ်း၊ မြေတိုင်းအမှတ်-သကမ(၆)၊ မြေကွက်အမှတ်- (၄၀၁)၊ မြေချပါမစ်မူရင်း အောင်ကိုကိုညီ (ဘ)ဦးညီညီ (HPG-005089)အမည်ပေါက်ဖြစ်ပြီး စောဂျွန်ဟာဝဒ်ညွန့်[၁၂/အစန(နိုင်)၀၃၈၈၅၃]ဆိုသူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် အကျယ်အဝန်း(၂၀x၆၀)ပေ အိမ်ခြံမြေနှင့် ယင်းမြေပေါ်ရှိ လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလှိုင်ဆိုသူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန် အိမ်ခြံမြေတန်ဖိုး၏ တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ ( ၁၄ )ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုစုလှိုင်၏ လွှဲအပ်ချက်အရ-**

**ဦးဝင်းမင်းဗိုလ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၅၉)**

**အမှတ်-(၁၅၈/ခ)၊ ပေ-၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈၁**

## အများသိစေရန်ကြေညာခြင်း

ဦးချစ်စမ်းမောင်[၁၄/ဟသတ(နိုင်)၂၁၇၃၅၅]၊ ဦးဝင်းမင်းအောင်[၁၂/မဂတ(နိုင်)၀၇၄၂၁၅]၊ ဦးကျော်ဇေယျာထွန်း [၁၂/မဂတ(နိုင်)၀၇၇၅၆၂]၊ ဦးမင်းသူ [၅/ဘတလ(နိုင်)၀၆၄၃၇၄] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများမှ (၂၄-၇-၂၀၁၅)ရက်စွဲဖြင့် Ultra Major Shipping Co.,Ltd အား တည်ထောင်ဖွင့်လှစ်ခဲ့ပြီး "ပြည်ပသို့ သင်္ဘောသား အလုပ်အကိုင်ရှာဖွေရေး/ပို့ဆောင်ရေးအေဂျင်စီလုပ်ငန်း" အား ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခဲ့ပါသည်။ (၈-၂-၂၀၂၆)ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုသော သဘောတူညီချက်စာချုပ်ဖြင့် ကန့်ကွက်ရန်မရှိ လွတ်လပ်သောသဘောဆန္ဒများအရ ကုမ္ပဏီအား လွှဲပြောင်းရောင်းချပြီးဖြစ်ပါသည်။ ထိုသဘောတူပြုလုပ်ချုပ်ဆိုသော (၈-၂-၂၀၂၆)ရက်နေ့စွဲပါ စာချုပ်အရ ယင်းနေ့ရက်နောက်ပိုင်းကိစ္စရပ်များသည် ကျွန်ုပ်မိတ်ဆွေများနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း မရှိပါကြောင်း၊ ယင်းနေ့မတိုင်မီထိ ဖြစ်ပေါ်လာသမျှကိစ္စအဝဝကိုသာ စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော် LL.B.,B.A(Business Law).,C.B.L., DL.101 WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉)**

**အမှတ်(၇၈)၊ ပထမထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**Ph:09-5045140, 09 - 250729155**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်(၁၆၉၀)၊ ဒေါ်ဝါဝါသင်းနု အမည်ပေါက် ပေ(၄၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးထင်လင်းအောင်(ဘ)ဦးရွှေဝင်း[၇/ညလပ(နိုင်)၁၃၄၆၅၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သီရိဦး [၁၂/သလန(နိုင်)၀၉၃၁၀၅]၊ ဒေါ်ဝေဝေဖြိုး[၁၄/ကကန(နိုင်)၁၄၀၂၇၇]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်မာကျော် (LL.B)**

